ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊ စနေနေ့၊ (2-2-2008) (၅၅၈၁)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ငါန်းဇွန်မြို့နယ်ရှိ တောင်သူဦးလှဆွေ၏ ကုလားပဲနှင့် နေကြာသီးညှပ် စိုက်ပျိုးထားရှိမှု စံပြကွက်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မန္တလေးတိုင်း မြင်းခြံခရိုင်ရှိ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၃၁ရက် နံနက်ပိုင်းတွင် မြင်းခြံမြို့နယ် ဆီမီးခုံ စံပြကျေးရွာရှိ ဆီမီးခုံ(၂) တိုးချဲ့မြစ်ရေတင်စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ မန္တလေးတိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆန်းက မြင်းခြံခရိုင်အတွင်းရှိ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ ဒီဇယ်မြစ်ရေတင်လုပ်ငန်းနှင့် နွေစပါး စိုက်ပျိုးရန်အတွက် ရေပေးဝေမှုလျာထားချက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ မြစ်ရေတင်စခန်းများမှ ပင်မမြောင်းအတွင်း ရေပေးသွင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငါန်းဇွန်မြို့နယ် ငါန်းမြာကြီး လျှပ်စစ်မြစ်ရေတင်စီမံကိန်းအမှတ်(၁) ရေတင်စခန်း၌ ပင်မရေသွင်းမြောင်းအတွင်းသို့ ရေပို့လွှတ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငါန်းဇွန်မြို့နယ် ငါန်းမြာကြီးတိုက်နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာမြတ်မိုးဆန်းနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကျောက်တန်းမြို့နယ် ကဒပ္ပနစံပြကျေးရွာဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် ကဒပ္ပနရေထိန်းတံခါး တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ ကဒပ္ပနစံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်၍ ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ကဒပ္ပနရေထိန်းတံခါး တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ ကဒပ္ပန ရေထိန်းတံခါး တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ရွာနိုင်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂-၂-၂၀၀၈
(စနေနေ့)

နယ်စပ်ဒေသများ ခေတ်မီဖွံ့ဖြိုးတိုးတက် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုပေါ်ထွက်

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုစီးပွားဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ ကျိုင်းတုံမြို့ကို မဏ္ဍိုင်ပြုနေသည့် သံလွင်အရှေ့ခြမ်း ဒေသများလည်း ပါဝင်သည်။

တစ်ချိန်သောအခါက ရှမ်းပြည်နယ်တစ်ခွင်သည် လက်နက်ကိုင်ပဋိပက္ခများကြောင့် ငြိမ်းချမ်းမှုမရှိသဖြင့် ပြည်သူများ ကြီးလန့်စာစားဘဝဖြင့် ပင်ပန်းဆင်းရဲစွာ နေထိုင်လုပ်ကိုင်စားသောက်ခဲ့ကြရသည်။ စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်။

ယနေ့အချိန်အခါတွင် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့်အတူ ငြိမ်းချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို နယ်စပ်ဒေသနေတိုင်းရင်းသားများ ရရှိခံစားနေကြရပြီဖြစ်သည်။

ခုတင် ၂၀၀ ဆံ့ ပြည်နယ်ဆေးရုံကြီးအပါအဝင် ဆေးရုံများကို အဆင့်လိုက် တည်ဆောက်ပေးထားသည့်အပြင် ဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရောဂါရှာဖွေရေးနှင့်ကုသရေး ဆေးရုံသုံးပစ္စည်းများကို ဖြည့်ဆည်းပေးထားရာ တိုင်းရင်းသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်လျက်ရှိသည်။

ထို့အပြင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရေးရှေးရှုပြီး အဆင့်မြင့်ပညာ တတ်ကျွမ်းသည့် အသိပညာရှင်၊ အတတ်ပညာရှင်များကို လေ့ကျင့်ပျိုးထောင်ပေးနေသည်။ ကျိုင်းတုံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)၊ ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)တို့သည် ဒေသခံလူငယ်များ မိမိတို့ဒေသအတွင်း၌ပင် အဆင့်မြင့်ပညာရပ်များ အလွယ်တကူ သင်ယူနိုင်သည့် အကျိုးရလဒ်များကို ဖော်ညွှန်းနေပေသည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရနှင့် ဒေသခံပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် နယ်စပ်ဒေသများသည် မြို့ကြီးပြကြီးများနှင့်မခြား ခေတ်မီဖွံ့ဖြိုးလာကာ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခြေခံအဆောက်အအုံများစွာ တိုးတက်ဖြစ်ထွန်းလာမှုနှင့်အတူ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များလည်း ပိုမိုပေါ်ထွက်လာလျက် ရှိပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းသာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် အင်းစိန်မြို့နယ်နေ ကွယ်လွန်သူများဖြစ်သော ဦးပန်းနား-ဒေါ်ပြန့်၊ ဦးခွေး-ဒေါ်သန်းစိန်၊ ဒေါ်ကျင်ကီးတို့အားရည်စူး၍ ရန်ကုန်မြို့ (၃၅)လမ်းနေ ဦးရွှေအေး မိသားစုနှင့် သား၊ သမီး၊ မြေး၊ မြစ်တစ်စုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (ညောင်ခါးရှည်) အရှင်သုန္ဒရ (မွောစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁

မကွေးတိုင်း ပခုက္ကူမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၃ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် ပခုက္ကူမြို့နယ် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၏ တောင်ဇလပ် လူငယ်ပျိုးခင်းသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းအတွက် ရန်ပုံငွေများကို ထောက်ပံ့ပေးအပ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ပခုက္ကူမြို့အနီးရှိ ချောင်းမကိုင်းတံတား တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ကြံခင်း-ပခုက္ကူ ရထားလမ်းပေါ်ရှိ ပခုက္ကူမြို့အနီး ချောင်းမကိုင်းတံတား တည်ဆောက်မည့်နေရာသို့သွားရောက်၍ စက်ယန္တရားကြီးများဖြင့် ဘိုးပိုင်တူးဖော်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည်ကြံခင်း-ပခုက္ကူရထားလမ်းသစ် မြေဖို့မြေညှိဆောင်ရွက်နေမှု အခြေအနေများနှင့် မြစ်ခြေဘူတာတည်ဆောက်ရန်အတွက် မြေပြုပြင်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် ကြံခင်း-ပခုက္ကူ ရထားလမ်းသစ်ပေါ်တွင် တည်ဆောက်မည့် ချောင်းမကြီးတံတား အမှတ်(၁)၌ ဘိုးပိုင်တူးဖော်ဆောင်ရွက်နေသည့် နေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့နယ်နှင့် ဆိတ်ဖြူမြို့နယ်နှစ်ခုအတွင်းရှိ တန့်ကြည့်တောင်၏ စိမ်းလန်းစိုပြည်နေမှုများနှင့် သဘာဝသစ်တော ထိန်းသိမ်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ဆိတ်ဖြူမြို့နယ် ချတောင် ဆောက်လုပ်ရေးစခန်းသို့ ရောက်ရှိကြပြီး ဗိုလ်ချုပ်ခင်ဇော်က ပြတ်ရွေ့ကြောများ ရှိသည့်အတွက် တံတားတည်ဆောက်ရာတွင် အဆောတလျင်မလုပ်ဘဲ ခိုင်ခံ့မှုရှိစေရေးကို အလေးထားဆောင်ရွက်ကြရန်၊ တံတားတည်ဆောက်မည့်နေရာသည် သဲချောင်းမြေဖြစ်ခြင်း၊ တံတားရှည်ခြင်းတို့ကြောင့် တံတားခံနိုင်ဝန်ကို အထူးဂရုပြုဆောင်ရွက်ရန်နှင့် ပွင့်လင်းရာသီတွင် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ယောချောင်းတံတားနှင့် ချစ်ချောင်းတံတားတို့သည် မကွေးတိုင်း ပခုက္ကူခရိုင် ဆိတ်ဖြူမြို့နယ်တွင် တည်ရှိ၍ တံတားအမျိုးအစားများသည် အပေါ်ထည်မှာ ကြိုတင်အားဖြည့် ပီစီရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်း၊ အောက်ထည်မှာ သံကူကွန်ကရစ် ဘိုးပိုင် ဖြစ်သည်။ ယောချောင်းတံတားသည် အရှည် ၁၄၄၅ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၀ ပေနှင့်လူသွားလမ်းအကျယ် ရှစ်ပေရှိပြီး ချစ်ချောင်းတံတားသည် အရှည် ၉၃၅ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၆ ပေနှင့်လူသွားလမ်းအကျယ် ခြောက်ပေရှိကြောင်း သိရှိရသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့ဝင်များသည် ရေနံချောင်းမြို့ ရေနံချောင်းစက်မှုဇုန်ရှိ ရွှေနဂါးစက်မှုလက်မှုစတား မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့ဝင်များသည် ရေနံချောင်းစက်မှုဇုန်ရှိ ကြက်ဆူဆီသန့်စက်ရုံသို့ သွားရောက်ပြီး ခြံစည်းရိုးကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီ ထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် အမက (၂၁) ကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၃ ရက်က ကျင်းပရာ ပထမတန်း (C)မှ ဘက်စုံပညာရည်ထူးချွန်ဆုရ မအိကေခိုင်အား လက်ထောက်မြို့နယ် ပညာရေးမှူး ထူးချွန်ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့် စာပေဗိမာန် ဒုတိယထပ်ရှိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် ဦးခင်မောင်သိန်းနှင့် ဇနီး Susan Thein(စာရေးဆရာမစစ်ကိုင်းစိမ်းစိမ်း) မိသားစုတို့ကိုယ်စား Susan Thein (စာရေးဆရာမ စစ်ကိုင်းစိမ်းစိမ်း)က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စာပေရန်ပုံငွေအတွက် အလှူငွေကျပ် ကိုးသိန်းနှင့် ဦးထင်ကြီး ဒီဂျစ်တယ် စာကြည့်တိုက်အတွက် အလှူငွေကျပ် တစ်သိန်း စုစုပေါင်းငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က လက်ခံပြီး **(ဝဲပုံ)** ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)က ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့အား တရုတ်ရိုးရာ နွေဦးပွဲတော်ဧည့်ခံပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မိုရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရှက်သယ်ပိုးက၊
ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊
မပဲ့စေကောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနိုင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး စက်သုံးဆီအရောင်းဆိုင်များ စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဇန်နဝါရီ ၂၉ ရက်တွင် ရွှေဘိုမြို့ရှိ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၏ စက်သုံးဆီ အရောင်းဆိုင် အမှတ် (ဝ၆၄၈)နှင့် စစ်ကိုင်းမြို့ရှိ စက်သုံးဆီ အရောင်းဆိုင် အမှတ် (ဝ၆၂၂) နှင့် (ဝ၆၄၂) တို့သို့ သွားရောက်၍ ဆိုင်လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုနှင့် စက်သုံးဆီဖြန့်ဖြူးရေး အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၃၀ ရက်တွင် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၏ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (ခ) အဆင့် (မန္တလေး)သို့ သွားရောက်ရာ ရိပ်သာရှင်းလင်းဆောင်၌ မန်နေဂျာ ဦးခင်မောင်ဝင်းက ဝန်ထမ်းလုံခြုံရေး၊ ပစ္စည်းလုံခြုံရေး၊ မီးဘေးလုံခြုံရေးများဆောင်ရွက်ထားရှိမှု၊ သိုလှောင်ကန်သစ် တည်ဆောက်မှု၊ စက်သုံးဆီများရောက်ရှိသိုလှောင်ဖြန့်ဖြူးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမှာကြားပြီး ဌာနအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးမြို့ရှိ တိုင်းရောင်းဝယ်ရေး အရာရှိရုံး(က)၊ စက်သုံးဆီအရောင်းဆိုင်အမှတ် (ဝ၆၁၄)၊ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် (ဝဝ၁)၊ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် (ပလိပ်)နှင့် ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လူ/ပစ္စည်း လုံခြုံရေး၊ မီးဘေးလုံခြုံရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝိသုဒ္ဓိတရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်း၊ မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် ဝိသုဒ္ဓိ ဆရာတော်ကြီး ဦးပဏ္ဍိတ၏ ဥပနိဿယအတိုင်း ဝိသုဒ္ဓိ တရားစခန်းပွဲကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တရားစခန်းဝင်ရောက်လိုသော သံဃာတော်၊ သီလရှင်၊ ယောဂီအပေါင်းတို့သည် ဖေဖော်ဝါရီ ၁၇ရက်အရောက် မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းသို့ ကြွရောက်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။(က-ပ)

ပုညာရာမဆရာတော် တရားပွဲများ

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်း သာကေတမြို့နယ် (၉)ရပ်ကွက် နဝရတ်လမ်း ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၌ ဖေဖော်ဝါရီ ၅ရက်မှ ၁၅ရက်အထိ ၁၀ရက် တရားစခန်းပွဲနှင့် ဖေဖော်ဝါရီ ၅ရက် ည ၇နာရီခွဲတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မင်္ဂလာဈေးခမ္မာရုံ၌ အရှင်ပုညာနန္ဒ(ဗဟုဇနဟိတဓရ၊ပြည်တွင်း၊ ပြည်ပသာသနာပြု၊ နယ်လှည့်ဓမ္မကထိက) က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်သစ္စာတရားများကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူယောဂီများသည် ဖေဖော်ဝါရီ ၄ ရက် ညနေအရောက် လာရောက်ရမည်ဖြစ်ကြောင်း သိရှိရသည်။

(က-ပ)

အောင်ဘာလေထီ ကံထူးရှင်များ ထွက်ပေါ်

ရန်ကုန် ဖေဖော်ဝါရီ ၁

(၂၂၉)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

အထူးဆုကြီး ကျပ်သိန်း(၅၀၀)

ထ-၇၄၄၁၆၃

ကျပ်သိန်း(၃၀၀)ဆုများ

တ-၂၀၂၃၇၉ ဆ-၅၄၃၅၇၃

ကျပ်သိန်း(၂၀၀)ဆုများ

ဖ-၆၄၀၃၂၃ ဗ-၄၄၃၄၃၉
တ-၁၂၈၅၃၁ ဗ-၃၈၇၄၅၆

ကျပ်သိန်း(၁၀၀)ဆုများ

ပ-၄၉၈၀၃၁ ဟ-၅၆၄၆၄၃
ဒ-၇၅၈၅၉၃ ယ-၃၂၀၈၀၇
တ-၄၇၀၅၁၄ အ-၆၄၂၆၀၀
ဃ-၇၁၁၈၃၂ ဇ-၅၀၇၅၃၅
ဟ-၄၄၅၃၆၆ ဋ-၂၇၆၄၈၈
က-၉၉၉၆၁၅ တ-၇၁၆၁၉၈
ဇ-၁၂၄၀၃၁ န-၉၀၂၁၇၈
ဏ-၂၃၀၇၂၆
အ-၃၂၇၅၃၁ တ-၅၀၁၈၀၀
ဌ-၃၁၃၇၀၆

ကျပ်သိန်း(၁၀၀)(မင်္ဂလာစုံတွဲ)

ဘ-၂၄၁၂၂၄ ဟ-၈၆၃၈၅၉
ရ-၅၂၆၅၇၉ ဘ-၃၄၇၅၆၂
ည-၅၈၉၂၄၆ ပ-၅၈၈၅၇၃
ဍ-၄၅၁၈၆၇ ယ-၂၇၆၉၇၀
ပ-၇၇၀၇၁၇ ခ-၄၆၀၉၄၈
ဗ-၉၀၈၈၄၃ ဏ-၅၁၈၂၆၃
ဝ-၉၆၄၁၃၅ ဟ-၂၃၆၁၉၁
င-၉၉၈၆၀၅ ည-၉၄၄၃၅၈
ရ-၃၇၉၉၄၅

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ညွှန်ကြားရေးမှူးချုပ် လှည့်လည်ဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အတွင်း ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် ဇန်နဝါရီ ၂၉ရက်တွင် အခြေခံပညာ အထက်တန်းကျောင်းရွာငံ၊ အခြေခံပညာအထက်တန်း ကျောင်းခွဲ - မြိုင်နှင့် ယကြီးတို့ကို လည်းကောင်း၊ ဇန်နဝါရီ ၃၀ ရက်တွင် ဖယ်ခုံမြို့နယ် အခြေခံပညာ အထက်ကျောင်းခွဲ ရွှေပြည်အေး၊ အခြေခံပညာအထက်တန်းကျောင်း-ဖယ်ခုံ၊ အခြေခံပညာ အလယ်တန်းကျောင်း-ဝါရီကောခူနှင့် နွားလပိုး၊ အခြေခံပညာမူလတန်းလွန်ကျောင်း-ကုန်းသာတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ကယားပြည်နယ် ပြည်နယ် ပညာရေးမှူးရုံး၊ မြို့နယ်ပညာရေးမှူးရုံး၊ လွိုင်ကော်မြို့အမှတ် (၁)၊ အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၄) အခြေခံပညာထက်တန်းကျောင်း၊ အမှတ်(၄)နှင့် အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း-ပန်ကန်း၊ အခြေခံပညာမူလတန်း လွန်ကျောင်း-ဒေါဥခူ၊ အခြေခံပညာမူလတန်းကျောင်း-ဓမ္မာရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကယားပြည်နယ် ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ လွိုင်ကော်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း အုပ်ကြီးများ၊ အထက်တန်းပြ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံသည်။

ယင်းနောက် ဇန်နဝါရီ ၃၁ ရက်တွင် ပင်လောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ - ဆောင်းပြောင်း၊ အခြေခံပညာ အထက်တန်းကျောင်း-ပင်ခွန်၊ အခြေခံပညာအထက်တန်းကျောင်း-ပင်လောင်း၊ အခြေခံပညာ အထက်တန်းကျောင်း-တီကျစ်၊ အခြေခံပညာအထက်တန်းကျောင်း-နန်းတိုင်းကလော၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း-ကလောတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ်သည် အဆိုပါခရီးစဉ်များအတွင်း အခြေခံပညာအထက်တန်းကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးစီမံချက်ပါ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ထားနိုင်မှု အခြေအနေများကို တစ်ကျောင်းချင်းအလိုက် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၂-၂၀၀၈ (စနေနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"မိဘမေတ္တာသီတာရေစင်ပမာ" တရားတော် (မဟာသဒ္ဓမ္မဇောတိကဓဇမြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ)
၇း၄၅-၁း၄၅	ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက သက်တော်(၄၀)ပြည့်မွေးနေ့နှင့် သိက္ခာထပ်အလှူတော်
၈း၂၅-၂း၂၅	လွင်မိုးခရီးသွားနေသည် (အပိုင်း-၁)
၈း၅၅-၂း၅၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၂၅-၃း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅-၃း၃၅	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	ကိုယ်ဝန်ဆောင်မိခင်များနှင့် HIV/AIDS ရောဂါ (ပါမောက္ခဒေါက်တာချစ်စိုး)
၉း၅၅-၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀-၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅-၄း၀၅	Shopping Guide (လပြည့်ဝန်းပလာဇာ)
၁၀း၃၀-၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅-၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀-၄း၄၀	ရေကြည်မြို့နယ်မှ ကျုံတာမြစ်ကျိုးအင်း
၁၀း၅၅-၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅-၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀-၅း၁၀	တစ်ပတ်အတွင်းအားကစားသတင်း
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	၂၀၀၅ခုနှစ် အကယ်ဒမီညမြင်ကွင်းများ (တည်းဖြတ်ဆု၊ ဓာတ်ညွှန်းဆု၊ အမျိုးသားဓာတ်ပို့ဆု၊ဒါရိုက်တာဆု)
၁၂း၁၀-၆း၁၀	RV. မပေဟာသီ(၂)ဖွင့်ပွဲအခမ်းအနား
၁၂း၂၅-၆း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀-၆း၃၀	သန့်ရှင်းလတ်ဆတ်သောဆီသန့်မှသည်ကျန်းမာရေးဆီသို့
၁၂း၅၅-၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၁၀	Man City-Arsenal	ESPN (Live)
၉း၂၅	Tottenham-Man Utd	ESPN(Live)
	Portsmouth-Chelsea	Star Sports (Live)
၁၁း၄၀	Liverpool-Sunderland	Star Sports (Live)
၁၂း၀၀	Blackburm-Everton	ESPN (SDD)

ကင်ညာနိုင်ငံ ကီဆူမူမြို့တွင် ဆူပူအကြမ်းဖက်သူများ ဖျက်ဆီးထားသော ကားတစ်စီးကို ဇန်နဝါရီ ၃၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကင်ညာတွင် ပါလီမန်အဖွဲ့ဝင် အမတ်တစ်ဦး ထပ်မံအသတ်ခံရ ဆူပူမှုဖျန်ဖြေရေး ဆွေးနွေးပွဲ ပျက်ပြား

နိုင်ရိုဘီ ဇန်နဝါရီ ၃၁

ကင်ညာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် ရွေးကောက်ပွဲလွန်ကာလ မတည်မငြိမ်မှုများကို ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာက ကြားဝင်ဖျန်ဖြေပေးရန် ကြိုးစားနေဆဲမှာပင် ဆန့်ကျင်ဘက်ပါတီမှ ပါလီမန်အဖွဲ့ဝင်တစ်ဦး ထပ်မံအသတ်ခံရသည်။ ယင်းအခြေအနေကြောင့် စေ့စပ်ဆွေးနွေးပွဲမှာ အထမမြောက်ဘဲ ပျက်ပြားသွားရသည်။

အင်အားလျော့ပါး

ကင်ညာပါလီမန်တွင် အမတ်နေရာအတော်များများ ရရှိထားသည့် အခြေအနေကို အင်အားလျော့ပါးသွားစေရန် ဆန့်ကျင်ဘက်အောရင့် ဒီမိုကရက်တစ်လှုပ်ရှားမှုပါတီ (အိုဒီအမ်)မှ အမတ်များကို သတ်ဖြတ်နေခြင်းဖြစ်သည်။ ဤလုပ်ရပ်သည် နိုင်ငံရေးလုပ်ကြံမှုဖြစ်သည်ဟု အိုဒီအမ်ပါတီခေါင်းဆောင် ရာလားအိုဒင်ဂါက ပြောကြားသည်။

အသတ်ခံရ

ရဲတစ်ဦးက ပစ်ခတ်၍ သေဆုံးသွားသော အိုဒီအမ်အမတ်မှာ ဒေးဗစ်ကီမူတာတူးဖြစ်သည်။ ၎င်းမှာ နေအိမ်ရှိရာ အယ်လ်ဒိုရက်မြို့တွင် အသတ်ခံရခြင်းဖြစ်သည်။

ပြီးခဲ့သော သီတင်းပတ်ကလည်း အိုဒီအမ်ပါတီမှ အမတ်မီလီတပ်စ်ဝီရီမှာ နိုင်ရိုဘီမြို့ရှိ ၎င်း၏ နေအိမ်အနီးတွင် အသတ်ခံခဲ့ရသည်။ ထိုဖြစ်ရပ်နှစ်ခုကြောင့် ကင်ညာတွင် ဆူပူမှုများပို၍ ဖြစ်ပွားလာသည်ဟုဆိုသည်။

အင်တာနက်။

အသေခံဗုံးဖောက်ခွဲသူများကို ထောက်လှမ်းနိုင်မည့် နောက်ဆုံးပေါ်ကိရိယာ ပါကစ္စတန်ဝယ်ယူမည်

အစ္စလမ္မာဘတ် ဇန်နဝါရီ ၃၁

ပေါက်ကွဲစရာ ပစ္စည်းများ သယ်ဆောင်လာသည်ဟု သံသယမကင်းဖြစ်ရသူနှင့် လုံခြုံရေးစစ်ဆေးရေးစခန်း အတားအဆီးများနှင့် အရေးပါသည့် နေရာများအနီးသို့ ချဉ်းကပ်လာသူများကို တစ်မုဟုတ်ချင်း စုံစမ်းထောက်လှမ်းနိုင်သည့် နောက်ဆုံးပေါ် ကိရိယာကို ပါကစ္စတန်နိုင်ငံက ရရှိတော့မည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

အဆိုပါ ကိရိယာက အသေခံဗုံးဖောက်ခွဲမှု မပြုလုပ်နိုင်မီ ဟန့်တားနိုင်သည့် ကိရိယာဖြစ်ပြီး လုံခြုံရေးဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောရေး ဆိုခွင့်ရှိသူ ဂျေဗက်အစ်ဘယ်ချီမာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ပါကစ္စတန် အစိုးရက ထောက်လှမ်းရေး ကွန်ပျူတာများကို ဝယ်ယူလျက်ရှိနေပြီး ယင်းပစ္စည်းများကို အရေးပါသည့်နေရာများ၏ ဝင်ပေါက်များနှင့် မြို့ကြီးများ၏ ထွက်ပေါက်နှင့်ဝင်ပေါက်များတွင် ဖြန့်ကြက်ထားရှိမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လိုအပ်ပါက တရားဥပဒေစိုးမိုးရေး ထိန်းသိမ်းရန်အတွက် လွယ်လင့်တကူ ကူညီနိုင်ရန် အရပ်ဘက် လက်နက်ကိုင်တပ်ဖွဲ့ဝင်၊ လုံခြုံရေးတပ်ဖွဲ့နှင့် စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ထားမည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။



နိုင်ဂျာ၌ သူပုန်များက အရပ်သားငါးဦးကို ပြန်ပေးဆွဲ

နီယာမေ ဇန်နဝါရီ ၃၁

နိုင်ဂျာနိုင်ငံ ဆာဟာရဒေသ မြောက်ဘက်တွင်ဇန်နဝါရီ၂၅ရက်၌ သူအာရင်သူပုန်အဖွဲ့က အရပ်သားငါးဦးအား ပြန်ပေးဆွဲခဲ့ကြောင်း၊ ၎င်းပြန်ပေးဆွဲမှုသည် ယခုရက်သတ္တတစ်ပတ်အတွင်း ဒုတိယအကြိမ် ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

နိုင်ဂျာတရားမျှတရေး လှုပ်ရှားမှုအဖွဲ့(အမ်အင်န်ဂျေ) ခေါင်းဆောင်သည် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီက လက်နက်စွဲကိုင်ပြီး အစိုးရကို တိုက်ခိုက်ရာ ယနေ့အထိ အစိုးရတပ်ဖွဲ့ဝင် ၅၀ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။ ၎င်းအဖွဲ့က တောင်းဆိုသည့်ဒေသသည် ယူရေနီယံနှင့် အခြားဓာတ်သတ္တုများ ကုံလုံကြွယ်ဝပြီး ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးဒေသတစ်ခုဖြစ်သည်။

သောကြာနေ့က ဖြစ်ပွားသည့် တိုက်ခိုက်မှုသည် အာလစ်ဒေသအနီး အယ်လ်ဂျီးရီးယားနိုင်ငံ နယ်စပ်သို့သွားရာ အဓိကလမ်းမကြီး၏ မြောက်ဘက်တွင် ဖြစ်ပွားခြင်းကြောင့် နိုင်ဂျာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌသည် ၎င်းဒေသသို့ သွားရောက်မည့်ခရီးစဉ်ကို ဖျက်ခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ကျန်စုပြည်နယ်ရှိ ရွှေထွက်ရာ ယန်ရှန်တောင်တန်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၇ခုနှစ် ကမ္ဘာ့ရွှေထုတ်လုပ်မှု တရုတ်နိုင်ငံ ဒုတိယအများဆုံးဖြစ်

ရှန်ဟိုင်း ဇန်နဝါရီ ၃၁

တရုတ်နိုင်ငံသည် လွန်ခဲ့သည့်နှစ်က ရွှေတန်ချိန် ၂၇၀ ဒသမ ၂၉ တန် ထုတ်လုပ်ပြီး ၂၀၀၆ ခုနှစ်နှင့် နှိုင်းစာလျှင် ၁၂ ဒသမ ၆၇ရာခိုင်နှုန်း တိုးတက်လာသည်။ တရုတ်နိုင်ငံ ရွှေထုတ်လုပ်သူများအသင်း၏ စာရင်းဇယား ဖော်ပြချက်အရ တရုတ်နိုင်ငံသည် ကမ္ဘာ့ပေါ်တွင် ဒုတိယအများဆုံး ရွှေထုတ်လုပ်သည့်နိုင်ငံဖြစ်လာသည်။

ရွှေအများဆုံး ထုတ်လုပ်သော နိုင်ငံသည် တောင်အာဖရိကနိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံထက် နှစ်တန်ခန့်ပို၍ ထုတ်လုပ်ခဲ့သည်။

၂၀၀၆ ခုနှစ်မှ ၂၀၁၀ပြည့်နှစ်အတွင်း တရုတ်နိုင်ငံ၏ ရွှေထုတ်လုပ်မှု ရည်မှန်းချက်သည် တန် ၁၃၀၀ဖြစ်ပြီး မကြာမီကာလအတွင်း ရွှေသိုက်အသစ်တွေ့ရှိမှုသည် တန် ၃၀၀၀ မှ ၃၅၀၀ ထိ တိုးတက်လာရန် ရည်မှန်းထားသည်။

တောင်အာဖရိကနိုင်ငံသည် ၁၉၀၅ ခုနှစ်ကတည်းကစ၍ ကမ္ဘာ့ရွှေအများဆုံးထုတ်လုပ်သော နိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ သို့သော်လည်း တရုတ်နိုင်ငံ၏ အနေအထားသည် တောင်အာဖရိက ရွှေထုတ်လုပ်မှုကို စိန်ခေါ်နိုင်သည့်အဆင့်သို့ တက်လှမ်းလာပြီဖြစ်သည်။

တရုတ်နိုင်ငံ၏ ရွှေထုတ်လုပ်မှုသည် ၁၉၉၅ ခုနှစ်တွင် ပထမဦးဆုံးအကြိမ်အဖြစ် တန် ၁၀၀ သို့ ရောက်ရှိခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ထုတ်လုပ်မှု ပမာဏနှစ်ဆ မြင့်တက်လာသည်။ လွန်ခဲ့သည့် ငါးနှစ်အတွင်း တရုတ်နိုင်ငံ ရွှေထုတ်လုပ်မှုသည် ၃၄ ဒသမ ၈၄ ရာခိုင်နှုန်း တိုးတက်လာသည်။

လွန်ခဲ့သည့်နှစ်က တရုတ်နိုင်ငံတွင် ရွှေသတ္တုတွင်းကြီး ငါးခုတွေ့ရှိပြီးနောက် တရုတ်နိုင်ငံ၏ ရွှေထုတ်လုပ်မှုမှာ မြင့်တက်လာခဲ့သည်။ ပြီးခဲ့သည့်နှစ်က တောင်အာဖရိက၊ အမေရိကန်နှင့် သြစတြေးလျနိုင်ငံ အပါအဝင် အခြားရွှေထုတ်လုပ်သော နိုင်ငံများ၏ ရွှေထုတ်လုပ်မှုသည် ကျဆင်းလာသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဓားစာခံဖမ်းဆီးသူ တူရကီလေကြောင်းမှဝန်ထမ်း ရဲတပ်ဖွဲ့က ဖမ်းဆီး

အစ္စတန်ဘူလ် ဇန်နဝါရီ ၃၁

တူရကီလေကြောင်း ကုမ္ပဏီ၏ ဌာနချုပ်အဆောက်အအုံတွင် ဓားစာခံအဖြစ် အဖမ်းခံထားရသူ အမျိုးသမီးတစ်ဦးကို တူရကီလေကြောင်းဌာနမှ ဝန်ထမ်းတစ်ဦးက ဖမ်းထားရာမှ လွှတ်ပေးပြီးနောက် ရဲတပ်ဖွဲ့က ၎င်းကို အင်္ဂါနေ့တွင် ထိန်းသိမ်းခဲ့ကြောင်း ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါ အမျိုးသားနှင့် ဓားစာခံ အမျိုးသမီးတို့မှာ သိကျွမ်းသူများဖြစ်ပြီး လူသုံးဦးကို လေကြောင်းကုမ္ပဏီ အဆောက်အအုံ၏ မြေအောက်ခန်းတွင် ရှေးဦးစွာ ထိန်းသိမ်းခဲ့သည်ဟု သတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

တူရကီတွင် ပေါက်ကွဲမှုဖြစ်၊ ၂၀ သေဆုံး

အန်ကာရာ ဇန်နဝါရီ ၃၁

တူရကီနိုင်ငံ၏ အကြီးဆုံးမြို့ ဖြစ်သော အစ္စတန်ဘူလ်မြို့တွင် ကြာသပတေးနေ့က ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားရာ အနည်းဆုံး ၂၀ သေဆုံးသွားကြောင်း အုပ်ချုပ်ရေးမှူး မူအာမာဂူလာက ပြောကြားသည်။

အခြေအနေဆိုးရွား

ပြည်သူ ၇၄ ဦး ဒဏ်ရာရရှိသွားသည့်အတွက် ဆေးရုံသို့ တင်ထားရသည်။ လေးဦး၏ အခြေအနေမှာ ဆိုးရွားကြောင်း ဂူလာက သတင်းထောက်များသို့ ပြောကြားသည်။

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၃၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပေါက်ကွဲမှုမှာ တရားမဝင် မီးရှူးမီးပန်းနှင့် ဖောက်အိုးများ ထုတ်လုပ်သည့် အဆောက်အအုံမှ ဖြစ်ပွားခြင်းဖြစ်သည်။ ပေါက်ကွဲမှုဖြစ်ပွားသော အဆောက်အအုံ၏ တတိယထပ်နှင့် စတုတ္ထထပ်တို့တွင် တရားမဝင် မီးရှူးမီးပန်း ထုတ်လုပ်သောလုပ်ငန်း ရှိနေကြောင်း ဂူလာ၏ ပြောကြားချက်ကို ကိုးကား၍ အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

မီးရှူးမီးပန်းများ သိုလှောင်ထားသော နေရာအနီးတွင် မီးဖိုတစ်လုံး ရှိနေသည်ကို တွေ့ရကြောင်း သိရသည်။ ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် ငါးထပ်အဆောက်အအုံသည် အစ္စတန်ဘူလ်ခရိုင်၏ စီးပွားရေးရပ်ကွက် ဇိတင်ဘာနူးအရပ်တွင် တည်ရှိသည်။

အင်တာနက်။

ကြေးမုံ The Mirror နိုင်ငံတကာရေးရာသတင်းများ

အကြိုအခြေခံသမ္မတလောင်းရွေးပွဲ ညှိနှိုင်းကျေအေး

လော့အိန်ဂျလိစ်　　ဖေဖော်ဝါရီ　　၁

အမေရိကန်နိုင်ငံ ဒီမိုကရက်တစ်ပါတီတွင်း အကြိုအခြေခံသမ္မတလောင်းရွေးပွဲတွင် ပါဝင်ယှဉ်ပြိုင်နေကြသည့် ဘာရက်အိုဘားမားနှင့် ဟီလာရီကလင်တန်တို့က ၎င်းတို့နှစ်ဦးအနက် တစ်ဦးဦးသည် ၂၀၀၉ ခုနှစ်၌ သမ္မတဖြစ်လာမည်ဟူသောအချက်ကို သဘောတူလက်ခံခဲ့သည်။

ကလင်တန်သာ သမ္မတဖြစ်လာလျှင် အမေရိကန်နိုင်ငံအတွက် ပထမဦးဆုံးသော အမျိုးသမီးသမ္မတအဖြစ် သမိုင်းတွင်သွားရန်ရှိပြီး အကယ်၍ အိုဘားမားသာ သမ္မတဖြစ်လာလျှင် အမေရိကန်နိုင်ငံအတွက် ပထမဦးဆုံးသော လူမည်းသမ္မတအဖြစ် မှတ်တမ်းဝင်သွားမည်ဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ပြီးခဲ့သော သီတင်းပတ်များအတွင်း အကြိုအခြေခံ သမ္မတလောင်းရွေးပွဲတွင် တစ်ဦးနှင့်တစ်ဦး ပြင်းပြင်းထန်ထန်ဝေဖန် တိုက်ခိုက်မှုများလည်း ရှိခဲ့ကြသည်။

သို့ရာတွင် ဇန်နဝါရီ ၃၁ ရက်တွင် ယခင်က ပြောဆိုခဲ့သည်များကို ကျေအေး၍ ညှိနှိုင်းလက်ခံသည့် အခြေအနေတစ်ရပ်ကို ရရှိခဲ့ကြခြင်းဖြစ်သည်။ ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းကိုသာလျှင် လူထုကမဲပေးရွေးချယ်ပါက ကလင်တန် (သို့မဟုတ်) အိုဘားမား တစ်ယောက်ယောက်သည် ၂၀၀၉ခုနှစ်၌ သမ္မတဂျော့ဂျ်ဒဗလျူဘုရှ်၏ နေရာကို ဆက်ခံရမည်ဖြစ်သည်။

မိတ်ဆွေများဖြစ်

အိုဘားမားက ယခုမဲဆွယ်ပွဲများမစမီ ကလင်တန်နှင့် မိမိသည် မိတ်ဆွေများဖြစ်ကြသကဲ့သို့ မဲရွေးပွဲများ ပြီးစီးသွားလျှင်လည်း မိတ်ဆွေများအဖြစ်ပင် ဆက်လက် တည်ရှိသွားကြမည့်သူများဖြစ်သည်ဟု ပြောကြားခဲ့သည်။

ကလင်တန်က ပြောကြားရာ၌ မိမိတို့နှစ်ဦးအနက် တစ်ဦးဦးသည် ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် အမေရိကန် အိမ်ဖြူတော်၌ သမ္မတအဖြစ် ကျမ်းသစ္စာဆိုရမည့်သူများ ဖြစ်သည်ဟု ပြောကြားသည်။

အမေရိကန်နိုင်ငံအတွက် သမ္မတလောင်း ရွေးချယ်ပွဲကို ယခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်ပြီး အနိုင်ရသူသည် ၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင် သမ္မတရာထူးကို လက်ခံယူရမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံ ဒီမိုကရက်တစ်ပါတီမှ အကြို အခြေခံသမ္မတရွေးပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အိုဘားမား (ဝဲ) **နှင့် ကလင်တန်** (ယာ)**တို့ကို ဟောလိဝုဒ်၌ အတူယှဉ်တွဲတွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်စစ်ပွဲကြောင့် သေဆုံးသူဦးရေသည် တစ်သန်းခန့်ရှိပြီ သုတေသနစာတမ်းတစ်ခုတွင် ဖော်ပြထား

လန်ဒန်　　ဖေဖော်ဝါရီ　　၁

အီရတ်နိုင်ငံအတွင်း အမေရိကန်ဦးဆောင်၍ ၂၀၀၃ ခုနှစ်က ကျူးကျော်ခဲ့ပြီးသည့်နောက် အီရတ်စစ်ပွဲတွင် သေဆုံးသူဦးရေသည် တစ်သန်းကျော်ရှိပြီဖြစ်ကြောင်း ဗြိတိန်မှ လူထုစစ်တမ်းကောက်ယူရေးအုပ်စုတစ်ခု၏ အစီရင်ခံစာအရ သိရှိရသည်။

အဆိုပါစစ်တမ်းကို သဘောထားသုတေသနလုပ်ငန်း (အိုအာဘီ)က လူကြီး ၂၄၁၄ ဦးကို မျက်နှာချင်းဆိုင်တွေ့ဆုံမေးမြန်းကာ ကောက်ယူခဲ့ခြင်းဖြစ်သည်။

၁၉၉၇ ခုနှစ်က ကောက်ယူခဲ့သည့် အီရတ်နိုင်ငံ၏ သန်းခေါင်စာရင်းအရ လူဦးရေ ၄ ဒသမ ၀၅ သန်းရှိသည်။ အီရတ်စစ်ပွဲကြောင့် လူ ၁ဒသမ ၀၃ သန်း သေဆုံးခဲ့သည်ဟု အိုအာဘီစာရင်းအရ သိရသည်။

အီရတ်နိုင်ငံရှိ ၁၈ပြည်နယ်မှ ပြည်နယ် ၁၅ ခုတွင် အိုအာဘီက သုတေသနပြုထားခြင်းဖြစ်သည်။ သုတေသနမပြုလုပ်ရသေးသည့် ဒေသနှစ်ခုတို့မှာ ကာဘာလာ၊ အန်ဘာနှင့် အာဘီမြို့တို့ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဂါဇာကမ်းမြောင်ရှိ လူဖြတ်ကူးလမ်းများကို သမ္မတအဘတ်စ်၏တပ်ဖွဲ့ဝင်များက ထိန်းချုပ်ရန် ပါလက်စတိုင်းအများစု လိုလား

ရာမာလာ　　ဖေဖော်ဝါရီ　　၁

သမ္မတ မာမွတ်အဘတ်စ်၏ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဂါဇာကမ်းမြောင်ဒေသရှိ လူဖြတ်ကူးလမ်းများကို ထိန်းချုပ်ထားမှုကို ပါလက်စတိုင်းလူမျိုးအများစုက ထောက်ခံကြကြောင်း ဗုဒ္ဓဟူးနေ့ကထုတ်ပြန်သည့် လူထုစစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဖြန့်ကြက်ထားသင့်

သမ္မတ အဘတ်စ်လိုလားသည့် လုံခြုံရေးတပ်ဖွဲ့များအား ဖြတ်ကူးလမ်းနေရာများသို့ ဖြန့်ကြက်ထားသင့်သည်ဟု ၇၃ ဒသမ ၉ ရာခိုင်နှုန်းက ဖော်ပြကြောင်း အန်နာဂျား တက္ကသိုလ်က ကောက်ယူသည့် လူထုသဘောထားစစ်တမ်းတွင်ပါရှိသည်။

အစ္စရေးတပ်ဖွဲ့က ဂါဇာကမ်းမြောင်သို့ သွားသောလမ်းများကို ဇွန်လအတွင်းက ပိတ်ပင်ခဲ့ပြီး ဖြတ်ကူးလမ်းများကို ထိန်းချုပ်ထားခဲ့သည်။

အဆိုပြု

အစ္စရေးက ခြောက်လခန့် ယင်းသို့ သိမ်းပိုက်ထားခဲ့ပြီးနောက် အဘတ်စ်က ယင်းလမ်းများ ပြန်လည်ဖွင့်လှစ်မည့် အစီအစဉ်တစ်ရပ်ကို အဆိုပြုခဲ့သည်။

ပြောကြား

သို့ရာတွင် ဟားမတ်စ်အဖွဲ့က ယင်းကြိုးပမ်းချက်သည် အောင်မြင်မည်မဟုတ်ဟု ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ကျန်ဇီပြည်နယ်တွင် နှင်းမုန်တိုင်းကြောင့် ရေခဲများ ပိတ်ဆို့နေသည့် ရထားလမ်းများအား ရှင်းလင်းနေသည်ကို ဇန်နဝါရီ ၃၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်နိုင်ငံ ပြည်နယ်ခြောက်ခုတွင် ရေခဲနှင့်နှင်းများပိတ်နေ၍ အသွားအလာရပ်ဆိုင်းနေ

ပေကျင်း ဖေဖော်ဝါရီ ၁

တရုတ်နိုင်ငံရှိ ပြည်နယ်ခြောက်ခုရှိ အဝေးပြေးလမ်းမကြီး ၁၂ ခုတို့မှာ ဗုဒ္ဓဟူး နေ့တိုင်အောင် ဆီးနှင်းများ ထူထပ်စွာ ဆက်လက်၍ကျနေသည့်အတွက် အသွားအလာမပြုလုပ်နိုင်သေးဘဲ ယာဉ်များ ပိတ်ဆို့လျက်ရှိကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန အစီရင်ခံစာတွင် ဖော်ပြသည်။

ဇန်နဝါရီ ၃၀ ရက် ညနေပိုင်းသို့ ရောက်သည်အထိ နိုင်ငံအလယ်ပိုင်းရှိ ဟူနန်နှင့် ဟူဘေးပြည်နယ်၊ အရှေ့တောင်ပိုင်းရှိ အန်ဟွေးပြည်နယ်၊ အနောက်တောင်ပိုင်းရှိ ကွယ်ကျိုးပြည်နယ်၊ တောင်ပိုင်းရှိ ကွမ်တုန်ပြည်နယ်နှင့် အနောက်မြောက်ပိုင်းရှိ ရှန်စီပြည်နယ်များမှ အဝေးပြေးလမ်းမများမှာ သွားလာ၍မရသေးဘဲရှိသည်။

အေးခဲပြီး နှင်းထုများပိတ်ဖုံးနေသည့်အတွက် ဟူဘေးပြည်နယ်တွင် အဝေးပြေးလမ်းအရှည် ကီလို ၂၀ ခန့်မှာ ပိတ်ဆို့လျက်ရှိသည်။

အချို့သော ဒေသများတွင် ကားလမ်းနှင့်ရထားလမ်းမှာ ဖြည်းဖြည်းချင်း ပြန်လည်သွားလာနိုင်သည့် အခြေအနေသို့ ရောက်ရှိလာနေသည်ဟု သတင်းများက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန် အနောက်မြောက်ပိုင်း၌ ဒုံးကျည်ဖြင့်ပစ်ခတ်မှုဖြစ်ပွား စစ်သွေးကြွခေါင်းဆောင်ဦးနှင့် နိုင်ငံခြားသားလေးဦး သေဆုံး

ဘန်နု(ပါကစ္စတန်)　　ဇန်နဝါရီ　　၃၁

အာဖဂန်နစ္စတန်နယ်စပ်အနီး ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ဝါဇီရစ္စတန်ဒေသ၌ နေအိမ်တစ်လုံးကို ဒုံးကျည်ထိမှန်သဖြင့် နိုင်ငံခြားသားလေးဦးအပါအဝင် စစ်သွေးကြွဟု ယူဆရသူ ၁၀ ဦးသေဆုံးကြောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂၉ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် မကြာသေးမီ ရက်သတ္တပတ်များအတွင်းက စစ်သွေးကြွများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်တို့အကြား တိုက်ပွဲများ ပြင်းထန်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တို့က ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသည်။ အာဖဂန်နယ်စပ်တစ်လျှောက် ဝါဇီရစ္စတန်ဒေသတောင်ပိုင်းတွင် တိုက်ပွဲများ ဖြစ်ပွားနေသည်။ မာအလီမြို့အနီး တော့စ်ခါလီရွာရှိ နေအိမ်တစ်လုံးကို ဇန်နဝါရီ ၂၈ ရက်နှောင်းပိုင်းက ဒုံးကျည်ဖြင့်ပစ်ခတ်ခံရခြင်းဖြစ်ကြောင်း ဒေသနေပြည်သူများ၏ ပြောကြားချက်ကို ထောက်လှမ်းရေးအရာရှိနှစ်ဦးက ငြင်းဆိုသည်။

စစ်သွေးကြွ ၁၀ ဦးသေဆုံးကြောင်းသာ ပြောဆိုပြီး တိုက်ပွဲဖြစ်ပွားမှုနှင့်ပတ်သက်၍ အခြေအနေကို စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူများက ပြောကြားမှုမရှိပေ။

ဇန်နဝါရီ ၂၈ရက်ညက ယင်းဒေသကို လေယာဉ်နှစ်စင်းပျံသန်းခဲ့ကြောင်း၊ ယင်းလေယာဉ်များမှ ဒုံးကျည်ဖြင့် ပစ်ခတ်မှုရှိ၊ မရှိကို သေချာစွာမသိရှိကြောင်း ဒေသနေပြည်သူများက ပြောကြားသည်။ ပါကစ္စတန်စစ်သွေးကြွခေါင်းဆောင်ဦးနှင့် ပြည်ပနိုင်ငံသားလေးဦး သေဆုံးကြောင်းကို ထောက်လှမ်းရေးအရာရှိက ပြောကြားပြီး ၎င်းတို့သည် မည်သည့်နိုင်ငံသားဖြစ်သည်ကို ထုတ်ဖော်ပြောကြားမှုမရှိဟုဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တွဲဖက်လေယာဉ်မှူး စိတ်ဖောက်၍ အရေးပေါ်ဆင်းသက်ရ

အော့တဝါ　　ဇန်နဝါရီ　　၃၁

အဲကနေဒါလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ဇန်နဝါရီ ၂၈ ရက်က တွဲဖက်လေယာဉ်မှူး ရုတ်တရက် ကျန်းမာရေးအခြေအနေမကောင်းသဖြင့် လေယာဉ်ကို အိုင်ယာလန်နိုင်ငံတွင် အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း၊ သို့သော် မည်သူတစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိခြင်းမရှိကြောင်း ကနေဒါရုပ်သံ (စီတီဗီ) က ဇန်နဝါရီ ၂၉ ရက်တွင် ဖော်ပြသည်။ ခရီးစဉ်အမှတ်-၈၄၈ ဖြင့် ပျံသန်းလာသောလေယာဉ်သည် ရှန်နန်လေဆိပ်တွင် ဇန်နဝါရီ ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ဆင်းသက်ခဲ့ခြင်းဖြစ်သည်။ လေယာဉ်သည် လန်ဒန်မြို့ ဟီးသရိုးလေဆိပ်သို့ ခရီးသည် ၁၅၀ နီးပါးလိုက်ပါလျက် ဆက်လက်ပျံသန်းနေချိန်တွင် စိတ်ဖောက်သွားသော တွဲဖက်လေယာဉ်မှူးကို ဒေသဆေးရုံရှိ စိတ်ရောဂါကုဌာနသို့တင်ကာ ကုသပေးနေရကြောင်းသိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရွှေတြိဂံဒေသ ခြေချခဲ့ခဏတာ (၂)

ရတနာစည်ဆရာတော်(လှိုင်လင်)

ယနေ့သော်ကား နာမည်ကျော် ရွှေတြိဂံဒေသသို့ လေ့လာရေးခရီး သွားရောက်ကြရာ ယင်းဒေသသည် မြန်မာ၊ ထိုင်းနှင့်လာအို သုံးနိုင်ငံ နယ်စပ်ဖြစ်၍ အေးချမ်းသာယာသောဒေသ ဖြစ်လျက်ရှိနေကြောင်း တွေ့မြင်ရပါသည်။

ဤအရှင်တို့သည် တာချီလိတ်မြို့နှင့် မျက်နှာချင်းဆိုင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှတစ်ဆင့် ရွှေတြိဂံဒေသသို့ သွားရောက်ကြခြင်းဖြစ်ရာ ပထမဦးစွာ မယ်ဆိုင်မြို့ရှိ ဦးအောင်ဖေယျဘုရားဟု လူသိများသော တောင်ပေါ်စေတီတော်ကို စတင်ဖူးမြော်ကြပါသည်။ ယင်းစေတီတော်ကို နှစ်နိုင်ငံအစိုးရ သဘောတူညီချက်အရ မြန်မာနိုင်ငံ တပ်မတော်အစိုးရက ပြန်လည်မွမ်းမံထားခြင်းဖြစ်ပြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူထားသည်ကို ဖူးမြော်ရပါသည်။

စေတီတော်အထက်ပစ္စယာ၌ မန္တလေးမြို့မှ ပင့်ဆောင်လာသည့် စကျင်ကျောက်သား ဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြင်ရသည့်တစ်ခဏဝယ် **“အနေကဇာတင်ကြရအောင်”**ဟူ၍ ဤအရှင်တို့လေးပါးလုံး တစ်သံတည်း ထွက်လာကြရသည်မှာ ထူးခြားချက်ဖြစ်ပါ၏။ ထို့ကြောင့် ဗုဒ္ဓရုပ်ပွားတော်များရှေ့မှောက်မှာ မိုင်းပွန်ဥယျာဉ်ကျောင်းဆရာတော်၊ ဃောသိတာရုံကျောင်းဆရာတော်၊ ကလောင်ရှင် ရတနကိုံရ(ရတနာစည်လှိုင်လင်) တို့နှင့်အတူ ဤအရှင်တို့ လေးပါးလုံး အနေကဇာတိ သံသာရံ အစချီ ဗုဒ္ဓါဘိသေကမင်္ဂလာ ဂါထာတော်များ ရွတ်ပွားသရဇ္ဈာယ်၊ ရင်ဝယ်ပီတိ လှိုင်းအိအိတို့ဖြင့် အတိုင်းမသိ စကြဝဠာသောင်စပ် ရိုက်ခတ်လိုက်နိုင်ခြင်းအတွက် တစ်သက်မေ့မရသည့် ကုသလတမ္ပပထတရားအဖြစ် အစဉ် သစ်လွင်နေပေတော့မည်။

ထိုမှအခြား လေ့လာသင့်သည့် အရာများကို လေ့လာပြီး ဆက်လက်သွားရောက်သောနေရာမှာ ရွှေတြိဂံဒေသ သုံးနိုင်ငံ နယ်စပ်ဖြစ်ပါ၏။ တစ်ချိန်က ဒုစရိုက် ဒုရာဇီဝနယ်မြေဖြစ်သော်ငြား ယနေ့သော် သုံးနိုင်ငံအစိုးရတို့ ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် အေးချမ်းသာယာသော နယ်မြေ၊ ရှင်လန်းကြည်သာသော နယ်မြေအဖြစ် ထွန်းသစ်လာလျက်ရှိနေပေပြီ။

ထူးခြားချက်တစ်ရပ်မှာ မဲခေါင်မြစ်၏ သည်ဘက်ကုန်းမြင့်ပေါ်ဝယ် စံပယ်တော်မူလျက်ရှိသော ရုပ်ပွားတော်ပင်ဖြစ်၏။ လှေကားထစ်ကိုးထစ်တက်ပြီး အညောင်းပြေ မြေတစ်ပြန့်လျှောက်ကာ နောက်ထပ်လှေကားထစ်ကိုးထစ် တက်လိုက်လျှင် ကုန်းမြင့်ပေါ်ရောက်၍ ယင်းကုန်းမြင့် ရင်ပြင်တော်အလယ်ရှိ ပစ္စယာပေါ်ဝယ် စံပယ်လျက်ရှိသော ဉာဏ်တော်အမြင့်ပေ ၂၀ ကျော် ထိုင်တော်မူရုပ်ပွားတော်အား လုံးတော်ပြည့် ရွှေရည်သင်္ကန်း ကပ်လှူထားသဖြင့် အဝေးမှပင် ဖူးမြင်နိုင်ပါသည်။

လမ်းဝဲ၊ ယာတို့၌ မြေပြန့်ဟူသရွေ့ လယ်ကွက်များချည်း ဖြစ်သလို တောင်တန်း၊ တောင်ကုန်းဟူသမျှကိုလည်း နှစ်ရှည်ပင်များနှင့်ချည်း သျှောင်ထုံးထား၏။ သရက်ပင်၊ ငှက်ပျောပင်စသော သီးစားပင်များ အပြင် အထူးသဖြင့် ရော်ဘာစိုက်ခင်းတို့ကို တောင်လုံးပြည့် တွေ့မြင်နေရ၏။ တောင်ထိပ်မှာလည်း ရော်ဘာပင်၊ တောင်ခါးပန်းမှာလည်း ရော်ဘာပင်၊ တောင်ခြေမှာလည်း ရော်ဘာပင်သည် ရွှေဖြူတွေက မိုင်းလားအတွက် ရွှေဝါ၊ ရွှေသားတွေကို အစားထိုးပေးလာလိမ့်မည်။

ဤနေရာသို့ ဘုရားဖူး ဗုဒ္ဓဘာသာဝင်များသာမက ကမ္ဘာလှည့်ခရီးသည်များပါ လာရောက်ကြသဖြင့် စည်ကားလျက်ရှိ၏။ ဘာသာရေး အထိမ်းအမှတ် ပစ္စည်းများအပါအဝင် ပစ္စည်းမျိုးစုံရောင်းသော ဈေးတန်းလည်းရှိသဖြင့် ဈေးဝယ်သူများစည်ကားလျက်ရှိ၏။ လဲလျောင်းနေသော မဲခေါင်မြစ်၊ ထွန်းသစ်နေသော ငွေသောင်ယံ၊ မြရည်လွှံသော တောစိမ်းစိမ်းတို့ကလည်း သဘာဝပန်းချီဖြစ်လျက်ရှိ၏။

တစ်ချိန်က ဘိန်း၊ ဘိန်းဖြူနှင့် မူးယစ်ဆေးဝါးတို့ကို အကြောင်းပြုကာ အဓမ္မစီးပွားရှာရာမှ လောဘကြောင့် ဒေါသထန် ကျည်သံ၊ ဗုံးသံညံမဆိတ် သွေးမတိတ်နယ်မြေအဖြစ် အဓမ္မသမားတို့က ဖန်တီးခဲ့ကြသလို ယနေ့သော်မူ ပြုံးပျော်ရာစခန်း၊ အေးချမ်းရာနယ်ခွင်၊ ကြည်လင်သောဒေသအဖြစ် လောကကို အလှဆင်သူ ဓမ္မသမားတို့က အင်အားပြည့် ပြုပြင်တည်ဆောက်ထားနိုင်လေပြီ။

ရွှေတြိဂံဒေသ၏ အေးချမ်းခြင်းရသကို ယူဆောင်လာခဲ့ပြီး အပြန်ခရီးဝယ် တာချီလိတ်မြို့ တည်းခိုကျောင်း၌ ဒါယကာ ဗိုလ်မှူးကြီးမြင့်ဟန်က အသင့်စောင့်ကြိုနေသဖြင့် ခရီးတစ်လျှောက် အဆင်ပြေကြောင်းနှင့် မိုင်းလားဘက်သို့ လေ့လာလိုပါကြောင်း ပြောကြားရာ ဒါယကာကြီး၏ စီစဉ်ပေးမှုဖြင့် တာချီလိတ်မှ ကျိုင်းတုံ၊ ကျိုင်းတုံမှ မိုင်းလားသို့ စိတ်ဝင်တစား ခရီးဆက်နိုင်ခဲ့ပါသည်။

မိုင်းလားဒေသကို အထူးထက်အထူး စိတ်ဝင်တစားရှိနေရခြင်း၏ အကြောင်းရင်းကတော့ ယင်းဒေသကို မူးယစ်ဆေးဝါး လုံးဝပပျောက်သည့်ဒေသ၊ မူးယစ်ဆေးဝါးကင်းမဲ့ဇုန်အဖြစ် ၁၉၉၇ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ကမ္ဘာသိ ကြေညာနိုင်ခဲ့ခြင်းကို အကြောင်းပြုကာ ထိုဒေသတစ်ခွင် မျက်မြင်ကိုယ်တွေ့ မြင်တွေ့လိုသောကြောင့်ဖြစ်၏။

ယခုကော သူတို့တစ်တွေ ဘာတွေလုပ်နေကြသလဲ၊ ဘိန်းအစားထိုး သီးနှံတွေ ဘယ်မျှဖြစ်ထွန်းနေသလဲ၊ မူးယစ်ဆေးဝါး လုံးဝကင်းစင်သွားခြင်းက ဒေသခံတွေအပေါ် ဘယ်မျှ ကောင်းကျိုးပြုနေပါသလဲ။

ကျိုင်းတုံနှင့်မိုင်းလား မိုင် ၅၀ ခရီးတစ်ဝက်ခန့်မှာ တောထဲတောင်ထဲ လျှိုမြောင်ထဲဟု ဆိုနိုင်ပြီး ကျန်ခရီးတစ်ဝက်ကျော်ရောက်မှ ရွာမြင်လူမြင် လယ်ယာမြင်ဟုဆိုရမည်ဖြစ်၏။ အိမ်များမှာ ယေဘုယျအားဖြင့် မီးမဖုတ်သည့် မြေအုတ်များကို မြေစေးသရိုးကိုင် တည်ဆောက်ပြီး အုတ်ကြွပ်မိုးထားသော အိမ်များဖြစ်ကာ ဝတ်ဆင်မှုမှာမူ ရှမ်းပြည်နယ် (မြောက်ပိုင်း) “ဝ”နယ်သားတို့၏ အဝတ်အဆင်မျိုးဖြစ်ပေ၏။

ဤမြေတစ်ကြောဝယ် အံ့သြရသည့်မြင်ကွင်းကတော့ **‘ကောက်ရိုးစံအိမ်’** လေးများကို ကျေးရွာတိုင်း၊ လယ်ကွင်းတိုင်းမှာ အစီအရီမြင်တွေ့ရခြင်းဖြစ်၏။ ခြေတံရှည်လယ်စောင့်တဲ ပုံစံမျိုးဖြစ်သော်လည်း ဤဒေသ၌မူ လူမနေဘဲ ကောက်လှိုင်းတွေကို အထပ်လိုက်စံထား၏။ ထို့ကြောင့် **“ကောက်ရိုးစံအိမ်”** ဟု သုံးနှုန်းလိုက်ခြင်း ဖြစ်ပါသည်။

၁၅ ပေခန့်အမြင့်ရှိ ဝါးလေးလုံး(သို့မဟုတ်) သစ်တိုင်လေးလုံးကို အကွာအဝေးညီစွာ လေးစင်တိုင်စိုက်ပြီး လူတစ်ရပ်အကျော်လောက်ဝယ် ဝါးလုံးများကို စီခင်း၍ ကောက်လှိုင်းများကို စနစ်တကျအထပ်လိုက်တင်ထားကာ ခေါင်နှစ်ဖက်ချ သယ်ငယ်မိုးထားသည့် အဆောင်လေးများဖြစ်ရာ လယ်ကွင်းထဲ၌ မနီးမဝေး အစီအရီဆောက်လုပ်ထားပုံမှာ ပန်းချီဆန်လွန်းနေပါသည်။ အကယ်၍သာ ခရီးသွားသော ရုပ်ရှင်သရုပ်ဆောင်လွင်မိုး ဤဒေသရောက်ရှိလာပြီး အလျားလိုက် တစ်မျှော်တစ်ခေါ်တည်ရှိနေသည့် လယ်ကွင်းပြင်ထဲမှာ အမြင်ဆန်းသော ကောက်ရိုးစံအိမ်လေးများကို နောက်ခံတောင်တန်း လှလှများနှင့် ရိုက်ချက်ကောင်းကောင်း ရိုက်ကူးထုတ်လွှင့်နိုင်လျှင် ချင်းပြည်နယ်သို့သွားသော လွင်မိုးနှင့်မခြားပြည်သူအများ စိတ်ဝင်စားကြလိမ့်မည်ဟုပင် အတွေးဝင်မိပါသည်။

ကောက်ရိုး၊ ကောက်လှိုင်းများကို မြေပေါ်စုပုံမထားဘဲ ခေါင်နှစ်ဖက်ချ လေးစင်တိုင်ပေါ်မှာ စနစ်တကျ သိမ်းဆည်းထားခြင်းဖြင့် ကောက်ရိုး၏ အရောင်အသွေးကို ထိန်းထားနိုင်ပြီး ကျွဲ၊ နွားများအတွက် အာဟာရတန်ဖိုး မလျော့စေဘဲ ကျွေးနိုင်ခြင်း၊ ကောက်ရိုးမြေသြဇာပြုလုပ်ပြီး အပင်များကို ကျွေးရာ၌ အနည်းငယ်မျှဖြင့် ထိရောက်ခြင်း၊ မြွေစသောသတ္တဝါများ မခိုမအောင်းနိုင်ခြင်း၊ အလွယ်တကူ မီးမလောင်နိုင်ခြင်းစသော အကျိုးသက်ရောက်မှုများ ရရှိပါကြောင်း သိရှိရပါသည်။

သို့ဖြင့် ခရီးအစကတည်းက စိတ်ဝင်စားဖွယ်တွေချည်း ဖြစ်ခဲ့သလို ခရီးတစ်လျှောက် စိတ်ဝင်စားဖွယ်တွေချည်း လေ့လာမကုန်ရှိဘိ၏။ **လမ်းဝဲ၊ ယာတို့၌ မြေပြန့်ဟူသရွေ့ လယ်ကွက်များချည်း ဖြစ်သလို တောင်တန်း၊ တောင်ကုန်းဟူသမျှကိုလည်း နှစ်ရှည်ပင်များနှင့်ချည်း သျှောင်ထုံးထား၏။ သရက်ပင်၊ ငှက်ပျောပင်စသော သီးစားပင်များ အပြင် အထူးသဖြင့် ရော်ဘာစိုက်ခင်းတို့ကို တောင်လုံးပြည့် တွေ့မြင်နေရ၏။ တောင်ထိပ်မှာလည်း ရော်ဘာပင်၊ တောင်ခါးပန်းမှာလည်း ရော်ဘာပင်၊ တောင်ခြေမှာလည်း ရော်ဘာပင်သည် ရွှေဖြူတွေက မိုင်းလားအတွက် ရွှေဝါ၊ ရွှေသားတွေကို အစားထိုးပေးလာလိမ့်မည်။**

တစ်ချိန်တုန်းကတော့ သည်မြေမှာ ဘိန်းပန်းတွေ လန်းဝေခဲ့လိမ့်မည်။ ၁၉၇၆ ခုနှစ်၌တစ်ကြိမ်၊ ၂၀၀၀ ပြည့်နှစ်၌ တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် ထုတ်ဝေခဲ့ရသည့် ဦးတင်မောင်ရင်(မဟာဝိဇ္ဇာ) ရေးသားသော **“ရွှေတြိဂံမြေက ဘိန်းဖြူသံသရာ”**စာအုပ်ကို ဖတ်ဖူးခဲ့ပြီးကတည်းက ယင်းဘိန်း၏ ဇာစ်မြစ်မှအစ ဘိန်း၊ ဘိန်းဖြူ၊ ဘိန်းအခြေခံ မူးယစ်ဆေးဝါးတို့ကြောင့် မြန်မာအပါအဝင် အာရှသားတို့ အဘက်ဘက်၌ နွမ်းပါးနိမ့်ကျခဲ့ရပုံ၊ ခရစ်နှစ် ၁၅၀၀ ပြည့်လွန် နှစ်ပိုင်းများကတည်းက ဥရောပကုန်သည်များ အနေဖြင့် ဘိန်းရှူနည်းကို အရှေ့တိုင်းသို့ သွတ်သွင်းကြခဲ့သလို ၁၇၀၀ ပြည့်လွန်နှစ်များတွင်မူ ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီသည် တရုတ်ပြည်သို့ ဘိန်းများ အဓမ္မခိုးသွင်းသည့် အကြီးမားဆုံး ဘိန်းမှောင်ခိုကြီးဖြစ်လာကာ ၁၈၀၀ ပြည့်လွန်နှစ်များတွင်ကား ကိုလိုနီနိုင်ငံတိုင်း ဘိန်းခန်းများ အစီအရီ ပေါ်ပေါက်လာကြပုံတို့ကို သိရှိခဲ့ရပါသည်။

“ထို့ကြောင့် ၁၉ ရာစုကုန်လုနီးချိန်တွင် မြောက်ဘော်နီယိုမှ မြန်မာပြည်အထိ ကိုလိုနီအစိုးရပိုင်အတွင်းတွင် မြို့ကြီး၊ မြို့ငယ်များတွင်သာမက ကျေးလက်တောရွာများမှာပါ ဘိန်းခန်းများ အလျှိုလျှို ပေါ်ပေါက်လာခဲ့လေသည်။ ဘိန်းလက်ကား ရောင်းဝယ်ရေးကိုမူ ကိုလိုနီအစိုးရကပင် လက်ဝါးကြီးအုပ်ထားခဲ့လေသည်။ ကိုလိုနီအစိုးရလက်အောက် တိုင်းရင်းသားတို့မှာလည်း ဘိန်းရှူသည့် အလေ့အထကို အလွယ်တကူပင်ရခဲ့ကြရာ ယိုးဒယား၊ မြန်မာ၊ ဗီယက်နမ်၊ မလေးရှားစသည့် လူမျိုးတကာတို့သည် ကိုလိုနီအစိုးရတို့၏ ဘိန်းစားသုံးသူ ဈေးကွက်ဖြစ်လာသည်။ ဘိန်းကြောင့် တိုင်းရင်းသားတို့ ကျန်းမာရေးချို့တဲ့လာသော်လည်း ကိုလိုနီအစိုးရအဖို့မှာ ဘိန်းကြောင့် ဝင်ငွေတိုးလာလေသည်။ကိုလိုနီအစိုးရတို့၏ ဝင်ငွေစုစုပေါင်း အနက် ၄၀ ရာခိုင်နှုန်းကို ဘိန်းမှပင် ရရှိခဲ့သည်။” (စာ-၄၅)

မြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့လက်အောက်၌ ဘိန်းကျွန်ဖြစ်ခဲ့ရပြီး လွတ်လပ်ရေးရလာသည့်တိုင် ဘိန်းကျွန်ဘဝမှ မလွတ်မြောက်ခဲ့သည့်ပြင် ရောင်စုံသောင်းကျန်းသူများကြောင့် ဘိန်းသံသရာလမ်း ပို၍ရှည်လျားခဲ့ရပြန်ရာ ယနေ့တပ်မတော်အစိုးရ တက်လာပြီးသည့် သည်မှာဘက်ကာလများရောက်မှသာ ဘိန်းသံသရာလမ်းကို လုံးဝပိတ်သိမ်းနိုင်သည့် အနေအထား ရောက်လာရသည်။

ယင်း၏ပြယုဂ်ကား ယခုမိုင်းလား ဖြစ်ပါတော့သည်။ မိုင်းလား၏ မြို့ပြဖွံ့ဖြိုးမှုကို အဝေးမှ လှမ်းမြင်လိုက်ရစဉ်ကတည်းက မိုင်းလား၏ အသွင်အပြင်သည် ၂၁ ရာစုအဝင်နှင့် အဆင်ပြေလိုက်လျောလွန်းသည်ဟု ခံစားရ၏။ မြို့တွင်းလှည့်လည် လေ့လာရသောအခါ၌လည်း ကျယ်ပြန့်ချောမောသော ကတ္တရာလမ်းများ၊ ခေတ်မီစွာ တည်ဆောက်ထားသော အဆောက်အအုံများ၊ စနစ်တကျ အကွက်တကျရှိလှသည့် မိုင်းလားဈေး၊ ထည်ဝါခံ့ညားသည့် မူးယစ်ဆေးဝါးကင်းမဲ့ဇုန် အထိမ်းအမှတ်ပြတိုက်၊ ရေအားလျှပ်စစ်စက်ရုံ၊ သကြားချက်စက်ရုံများအပြင် ထေရဝါဒဗုဒ္ဓသာသနာပြယုဂ် ဒွေနဂရစေတီတော်တို့ကို ဖူးမြော်ကြရပါသည်။

ဒွေနဂရစေတီတော်ကို တောင်ကုန်းပြင်ပေါ်၌ တည်ထား၏။ မြန်မာမှုကြာလှန်ပန်းထောင်များဖြင့် ပန်းတင်ခုံကို အနားသပ်ထားပြီး ပန်းတင်ခုံအထက်ရှိ စေတီတော်အောက်ပစ္စယာကို ဆယ်မြှောင့်ချိုးထားကာ ဆယ်မျက်နှာလုံးမှာ ဇာတ်တော်ကြီးဆယ်ဘွဲ့ သရုပ်ဖော်ပန်းချီကားကြီးများဖြင့် မွမ်းမံထား၏။ လိုဏ်စေတီဖြစ်သဖြင့် လိုဏ်အတွင်းသို့ အရပ်လေးမျက်နှာမှ ဝင်ရောက်နိုင်ပြီး လိုဏ်အလယ်မဏ္ဍိုင်ကို ဆယ်မျက်နှာချိုးကာ နှစ်မျက်နှာချန်လှပ်၍ ကျန်ရှစ်မျက်နှာကို အောင်ခြင်းရှစ်ပါး သရုပ်ဖော် ပန်းချီများဖြင့် တန်ဆာဆင်ထား၏။ ချန်လှပ်ထားသော အရှေ့နှင့်အနောက် နှစ်မျက်နှာ၌ ထိုင်တော်မူတစ်ဆူနှင့် လျောင်းတော်မူတစ်ဆူကို တည်ထားသည်။

ယင်းလိုဏ်အတွင်း၌ အလယ်ပစ္စယာနှင့် အထက်ပစ္စယာဆီသို့ တက်ရောက်နိုင်သော လှေကားများ တည်ဆောက်ထားပြီး ထိုလှေကားများဖြင့် ပစ္စယာဆီတက်ရောက်၍ ဝန်းကျင်ဒိသာဆယ်မျက်နှာသို့ လှည့်ပတ်ကာ ကြည့်ရှုနိုင်အောင် ထူးထူးခြားခြား တည်ထားသောစေတီ ဖြစ်ပါသည်။

စေတီတော်ကို ဖူးမြော်မဆီ ရှိဘိသော်လည်း အခြားလေ့လာဖွယ်များ ရှိနေသေးသဖြင့် စေတီတော်အပါးမှ ထွက်ခွာလာခဲ့ရပြီး ယခု ဦးတည်သွားနေသည်မှာ မိုင်းလားဒေသ ဘိန်းပပျောက်သည့် အထိမ်းအမှတ်ပြတိုက်သို့ ဖြစ်၏။

ပြတိုက်သို့အသွားခရီးဝယ် မိုင်းလားဒေသနှင့် ဘိန်းအကြောင်းအရာများ ခေါင်းထဲဝင်လာလျက်ရှိ၏။ ဤဒေသသည် ၁၉၈၈ခုနှစ်မတိုင်မီကာလများကတည်းက ဗကပတို့ကြီးစိုးရာဒေသဖြစ်ပြီး ဗကပမှ ခွဲထွက်လာသူ ဦးစိုင်းလင်းခေါင်းဆောင်သည့် ဗကပ(၈၁၅) စစ်ဒေသနှင့် တပ်မဟာ(၇၆၈)တို့က “အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်ဖွဲ့ ရှမ်းပြည်နယ် အရှေ့ပိုင်းစစ်ရေးနှင့်ဒေသန္တရ အုပ်ချုပ်ရေးကော်မတီ”အမည်ဖြင့် ၁၉၈၉ ခုနှစ် ဇွန်လတွင် တရားဥပဒေဘောင်တွင်း ဝင်ရောက်ခဲ့ကာ အထူးဒေသ(၄)အဖြစ် တပ်မတော်အစိုးရနှင့်

စာမျက်နှာ ၇ ကော်လံ ၁ ✤

✤ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

လက်တွဲ၍ ဒေသတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဘိန်းပပျောက်ရေးတို့ကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ပါသည်။

ငြိမ်းချမ်းရေးရယူပြီးစ ဒေသအနေအထားမှာ ဘိန်းစိုက်သည့်ရွာ ၂၆၂ ရွာရှိ၍ ဘိန်းစိုက်ဧရိယာ ၂၇၁၆ ဧကရှိပြီး တစ်နှစ်လျှင် ဘိန်းစိမ်း ၈၉၆၈ ကီလိုထွက်ရှိခဲ့၏။ အထူးဒေသ(၄) ခေါင်းဆောင် ဦးစိုင်းလင်းနှင့်အဖွဲ့သည် ၁၉၉၂ ခုနှစ်မှစတင်၍ တပ်မတော်အစိုးရနှင့် UNDCP တို့၏ အကူအညီကိုရယူလျက် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းကို (၆)နှစ်စီမံကိန်းချမှတ်ကာ တက်ကြွစွာ ဆောင်ရွက်ခဲ့လေသည်။

ပထမ(၂)နှစ် စီမံကိန်းကာလတွင် မိုင်းဟဲ၊ မိုင်းခမ်းဒေသအတွင်း ဘိန်းစိုက်မှု ပပျောက်ရေး၊

ဒုတိယ(၂)နှစ် စီမံကိန်းကာလတွင် မိုင်းဝ၊ ကျင်ခမ်း ဒေသအတွင်း ဘိန်းစိုက်မှု ပပျောက်ရေး၊

တတိယ(၂)နှစ် စီမံကိန်းကာလတွင် မိုင်းလား၊ မိုင်းမ၊ ဆီလူး၊ မိုင်းကွယ်၊ ဆမ်တောက်ဒေသများအတွင်း ဘိန်းစိုက်မှု ပပျောက်ရေးနှင့် ဒေသတစ်ခုလုံး မူးယစ်ဆေးဝါးပပျောက်ပြီး ပြန်လည်စိုက်ပျိုးမှု မဖြစ်ပေါ်စေရေးတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သည့်အပြင် ဘိန်းအစားထိုး စီးပွားရေးလုပ်ငန်းများအဖြစ် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို အလေးထား လုပ်ဆောင်ခဲ့ပါသည်။

နှစ်စဉ် လယ်ယာမြေသစ်များ တိုးတက်ဖော်ထုတ်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ဝယ်ယူဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးရေးသင်တန်း ပေးခြင်း၊ ဘိန်းအစားထိုးသီးနှံများအဖြစ် ကြံ၊ ဖရဲ၊ ရော်ဘာတို့ကို စိုက်ပျိုးခြင်းနှင့် ဆည်မြောင်းများ တည်ဆောက်ခြင်းတို့ကြောင့် ၁၉၉၇ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် မိုင်းလားဒေသကို မူးယစ်ဆေးဝါး လုံးဝပပျောက်သည့်ဒေသ၊ မူးယစ်ဆေးဝါးကင်းမဲ့ ဇုန်အဖြစ် ကမ္ဘာသိ ကြေညာနိုင်ခဲ့ပါသည်။

မိမိဖတ်ထား၊ မှတ်ထား၊ လေ့လာထားသည်များကို ပြန်လည်စဉ်းစားရင်း ပြတိုက်သို့ ရောက်လာသောအခါ ပြတိုက်ကြီးသည် မြန်မာမှုဗိသုကာလက်ရာများဖြင့် ခံ့ညားထည်ဝါစွာ တည်ရှိနေကြောင်း တွေ့မြင်ရ၏။

ပြတိုက်မြေညီထပ်ရှိ ပြခန်း(၁)တွင် နိုင်ငံတော်အကြီးအကဲ၏ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးဆိုင်ရာ အဆိုအမိန့်များ၊ သမိုင်းဝင်ဓာတ်ပုံ၊ ပန်းချီကားများ၊ မိုင်းလားမြို့မြေပုံတို့ကို ပြသထားပြီး ပြခန်း(၂)တွင် မြန်မာနိုင်ငံသို့ ဘိန်းစတင်ရောက်ရှိလာပုံ၊ ချက်လုပ်ပုံ၊ မြန်မာမင်းများလက်ထက် ဘိန်းတားဆီးကာကွယ်ပုံတို့ကို ရုပ်လုံး၊ ရုပ်ကြွများဖြင့် ပီပြင်စွာ ပြသထားကာ ပြခန်း(၃)တွင် တပ်မတော်အစိုးရလက်ထက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပြကွက်များ၊ မိုင်းလား၏ ခုနစ်နှစ်တာ ဆောင်ရွက်မှု သရုပ်ဖော်ပြကွက်များ၊ ဆောက်လုပ်ရေးနှင့် စွမ်းအင်လုပ်ငန်းပြကွက်များကို စုံလင်စွာ ပြသထားသည်။

ပထမအထပ်၌ တပ်မတော်အစိုးရနှင့် အထူးဒေသ(၄)တို့ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ဆောင်ရွက်ချက်အဖုံဖုံတို့ကို စုံစုံလင်လင် ခင်းကျင်းပြသထားပါသည်။ ဤဘိန်းပပျောက်ရေး အထိမ်းအမှတ် ပြတိုက်ကြီးက မိုင်းလားသို့ အလည်အပတ်ရောက်လာကြသူ မြန်မာနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ခရီးသွားများအား မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး အားကြိုးမာန်တက် ဆောင်ရွက်ပုံများကို မှန်ကန်တိကျစွာ ထာဝရ ပြောကြားနေပါတော့မည်။

မိုင်းလားမှအပြန် ကျိုင်းတုံ၌ တစ်ညကျိန်းစက်ပြီးသော် နေရင်းခရီးကို ပြန်ခဲ့ကြရပါ၏။ အပြန်ခရီးဝယ် **"စိတ္တေန နီယတေ လောကော လောကကို စိတ်ကဆောင်ထား၏"** ဟူသော ဘုရားဟော ဒေသနာအရ လောဘ၊ ဒေါသ၊ မောဟဦးဆောင်သည့် အဓမ္မစိတ်ကြောင့် လောကသည် အကျည်းတန်လာပုံ၊ အလောဘ၊ အဒေါသ၊ အမောဟ (တစ်ကိုယ်ကောင်း မဆန်ခြင်း၊ ချစ်ကြည်ခြင်း၊ အမှန်မြင်ခြင်း)ဟူသော ဓမ္မစိတ်ကြောင့် လောကသည် လှပလာပုံ၊ အဓမ္မစိတ်သည် အဖျက်သာဖြစ်၍ ဓမ္မစိတ်သည်သာ အပြုဖြစ်ပုံ၊ ဓမ္မစိတ်ကို မွေးမြူပွားစီးနိုင်မှသာ လောကကို အလှဆင်သူမည်နိုင်ပုံ စသည်ဖြင့် အတွေးပွားနေမိပါသည်။

ယင်းနှင့်ဆက်စပ်ပြီး ရွှေတြိဂံဒေသသည် အဓမ္မကြောင့် အကျည်းတန်ကာ နာမည်ပျက်ခဲ့ရပုံ၊ ယနေ့သော် ရွှေတြိဂံဒေသအပါအဝင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တစ်ခွင်လုံး ဓမ္မစိတ်ဓာတ်များကြောင့် မြင့်မားတက်ကြွ လှထက်လှလာနေပုံတို့ကိုပါ တွေးတောနေမိပါသည်။

သို့ဖြင့် ဓမ္မစိတ်ဓာတ် တဖျပ်ဖျပ်ပင် မပြတ်တောက်ပ အလင်းကြွ အလှဆင်နေကြရမည် ဖြစ်ပါသတည်း။ ။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကြိုဆို၊ ဓာတ်ပုံပြပွဲနှင့် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ၊ စာဖတ်ဝိုင်းနှင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ရှင်းလင်းဆွေးနွေးပွဲကို မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ပညာအလင်းရောင်စာကြည့်တိုက်တွင် ဇန်နဝါရီ ၂၂ရက်ကကျင်းပရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးမြနိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ စာဖတ်ဝိုင်းအခမ်းအနားပြုလုပ်ရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံ အစည်းအဝေးများက ချမှတ်သည့်အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများစာအုပ်မှ အခန်း(၁)နိုင်ငံတော်အခြေခံမူများ အခန်းကို(၆)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးမြင့်ဇော်ကဖတ်ကြားပြီး အခန်း(၂) နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းကို (၉)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးစန်းလွင်က ဖတ်ကြား၍ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ရီရီရှိန်က အခြေခံမူများနှင့်ပတ်သက်၍ ပြန်လည် ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ **(အပေါ်ပုံ)** (မြို့နယ်ပြန်/ဆက်)

တစ်ကိုယ်တော်ကားသူခိုး ပြစ်မှုကျူးလွန်အပြီး လေးနာရီအတွင်းဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁

ယမန်နေ့နံနက်၅နာရီက ဦးနေဝင်းလှိုင်(ကုန်သည်) (စည်ပင်အရာရှိဝင်း တာမွေ မြို့နယ်နေသူ)သည် ကန်တော်ကြီး မြေပဒေသာကျွန်းအတွင်း ဆင်ရုပ်များအနီးတွင် ၎င်းပိုင်အက်စ်အီးဆလွန်း အဖြူရောင်ကိုယ်ပိုင်ယာဉ်ကို ရပ်ထားပြီး ကျန်းမာရေးအတွက် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ကာ ၄၅မိနစ်ခန့် အကြာပြန်လည်ရောက်ရှိစဉ် ယာဉ်မှာ ပျောက်ဆုံးနေကြောင်း သိရှိရသည်။

ယာဉ်နှင့်အတူ လက်ကိုင်ဖုန်း တစ်လုံး၊ ငွေကျပ်၃၀၀၀နှင့် ယာဉ်မောင်းလိုင်စင် တို့ပါရှိသွားကြောင်း ဗဟန်းရဲစခန်းသို့ အကြောင်းကြားသဖြင့် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့က ပိတ်ဆို့ဖမ်းဆီးဆောင်ရွက်စေခဲ့ရာ နံနက် ၈နာရီ ၂၅မိနစ်တွင် ဒုရဲမှူးမြင့်အောင် ဦးစီး ယာဉ်ထိန်းတပ်ဖွဲ့က တိုးကြောင်ကလေး ဘူတာအနီး ရထားသံလမ်းဂိတ်တွင် ပျောက်ဆုံးယာဉ်ကို လင်းလင်း(ခ) လင်းလင်းအောင် ၃၅နှစ် (ဘ)ဦးလင်းအောင်သက်န်းညီနောင်ကျေးရွာ၊ မြဝတီမြို့နေသူနှင့်အတူတွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ လင်းလင်း(ခ) လင်းလင်းအောင်အား စစ်ဆေးချက်အရ ၎င်း၏အမည်နှင့် နေရပ်မှန်မှာ အောင်ကျော် ၃၅နှစ်၊ ယုဇနလမ်း(၁၄) ရပ်ကွက်၊ တောင်ဥက္ကလာဖြစ်ကြောင်း၊ ၎င်းသည် ၁၉၉၉ခုနှစ်က ဒဂုံ၊ မင်္ဂလာတောင်ညွန့်၊ ပန်းဘဲတန်းနှင့် လသာမြို့နယ်များမှ ကားခိုးမှုခုနစ်မှုဖြင့် ပြစ်ဒဏ် ၁၉နှစ်ကျကာ သာယာဝတီထောင်သို့ ရောက်ရှိခဲ့ပြီး ရဲဘက်စခန်းမှ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလခန့်တွင် ထွက်ပြေးခဲ့သော ရဲဘက်ပြေးတစ်ဦးဖြစ်ကြောင်း၊ ၂၀၀၆ခုနှစ်၊ ငါးလပိုင်းတွင် လသာမြို့နယ်၌ ကားခိုးမှုနှစ်မှု ကျူးလွန်ခဲ့ပြီး ဖမ်းဆီးခံရစဉ် လင်းလင်း(ခ)လင်းလင်းအောင် (ဘ)ဦးလင်းအောင် သက်န်းညီနောင်ရွာ မြဝတီမြို့နယ် နေသူဟု အမည်နှင့် နေရပ်လိပ်စာများ လိမ်လွှဲပြောဆိုခဲ့ကြောင်းနှင့် ၎င်းအမှုနှစ်မှုနှင့် ပြစ်ဒဏ်ခြောက်နှစ်ကျခံခဲ့ရာမှ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၅ရက်တွင် တွံတေးမြို့နယ် ရွှေသူဌေးရဲဘက်စခန်းမှ ထပ်မံထွက်ပြေးခဲ့ကြောင်း၊ ဒီဇင်ဘာ ၁၇ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး ယခုကားခိုးမှုကို ကျူးလွန်ထွက်ပြေးစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း၊ အောင်ကျော်(ခ) လင်းလင်းအောင်သည် ခိုးယူ ရရှိသောကားများမှ စက်သုံးဆီ ထုတ်ယူ ရောင်းချခြင်း၊ အလွယ်တကူ ဖြုတ်ယူနိုင်သည့် ကားအပိုပစ္စည်းများအား ဖြုတ်ယူ ရောင်းချခြင်းတို့ပြုလုပ်ပြီး ယာဉ်ကို မြို့စွန်များတွင်ရပ်ထားခဲ့လေ့ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဗဟန်းရဲစခန်းမှ ပြစ်မှုပုဒ်မ ၃၇၉(ကား)ဖြင့် အမှုဖွင့်ပြီး ပြစ်ချက်ဟောင်းများ ဖော်ထုတ်စစ်ဆေးကာ ထိရောက်ပြစ်ဒဏ် ရရှိရေးအတွက် အမှုကို ခိုင်မာစွာ တည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၃၁ရက်က တာမွေမြို့နယ် ဘိုးလိန်း အောင်မင်္ဂလာရပ်ကွက် အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းကို ဆောင်ရွက်ရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနဌာနမှူး ဒေါက်တာဒေါ်မိမိတင်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိုးအောင်နှင့် ရပ်ကွက်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ ကြီးကြပ်ပေးကြစဉ်။

(ကျန်းမာရေး)

ကျောက်ကြီးမြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၀ရက် နံနက် ၉နာရီခွဲတွင် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မီးတိုင်တောကျေးရွာနေ ဦးကျော်လှိုင်၏သမီး ဒေါ်ဂွမ်း အသက်(၅၂)နှစ်သည် ရွာအရှေ့ဘက်နှစ်မိုင်ခန့်ရှိ စိမ့်တောကြီး ကင်ပွန်းချောင်းဖျားအနောက်တွင် အင်ဖက်ကောက်စဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့်မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲ၍ ဒေါ်ဂွမ်း၏ဝဲဘက်ခြေကျင်းဝတ်ပြတ်၍ ယာဘက်လက်ဖျံတွင် မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၉နာရီ မိနစ် ၄၀တွင် ကင်ပွန်းချောင်းဖျားအရှေ့၌ အင်ဖက် ကောက်နေသူ ဦးအောင်သိန်း၏သား ဦးမင်းထွန်း အသက်(၃၂)နှစ်သည် သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲရာ ဦးမင်းထွန်း၏ ဝဲဘက်ခြေကျင်းဝတ်ပြတ်၍ ယာဘက်လက်ဖျံတွင် မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သည်။

အဆိုပါမိုင်းထိဒဏ်ရာရရှိခဲ့သည့် ဒေါ်ဂွမ်းနှင့် ဦးမင်းထွန်းတို့နှစ်ဦးအား မုန်း တိုက်နယ်ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၂-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၅	၄။	ကျန်းမာသုတ
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **နတ်သမီးထောင်ချောက်** လူမင်း၊ အိန္ဒြာကျော်ဇင်
၁:၅၀	၆။	အမျိုးသားရေးတေးကဗျာ
၁:၅၅	၇။	အပိတ်နှုတ်ဆက်စကား
၂:၀၀	၈။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချစ်သူစုံတွဲ တူယှဉ်နွဲ
၄:၂၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၅။	မျိုးချစ်တပ်မတော်
၄:၄၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၇။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၁။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅	၁၂။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပုံရိပ်ပမာ (အပိုင်း-၆၈)**
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	လူရွှင်တော်ရွှေဖလား
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စည်းခြားထားသောအချစ် (အပိုင်း-၂)**
	၂၀။	သင့်အတွက်မနက်ဖြန်
	၂၁။	အပိတ်နှုတ်ဆက်စကား
	၂၂။	ပြီးပါပြီ။

သီတဂူကြယ်တစ်ပွင့် ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁

မန္တလေးမြို့ ပြည်ကြီးတံခွန် ငြိမ်းချမ်းရွှေပြည် ကျောင်းတိုက်နှင့် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် (ဃ) ရပ်ကွက် လုပ်သားလမ်း သံသုမာ လမ်းမကြီး သွားကောလိပ်အနီး ဇေယျာရွှေပြည် ကျောင်းတိုက်တို့၏ ပဓာန နာယက သာသနဇောတိကဓဇ မဟာဂန္ထဝါစက ပဏ္ဍိတ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဖေဖော်ဝါရီ ၈နှင့် ၉ရက်၌ ဖိုးဝင်းတပ်ရွာ ဝက်လက်၊ ၁၀ရက်၌ အင်ဒေါင်းရွာဝက်လက်၊ ၁၁ရက် (ဆည်းဆာ)၌ ဦးလှသိန်းဗိမာန် ၃၄ လမ်း မန္တလေး၊ (၎င်းည)၌ ၁၁/၄ရပ် ပြည်ကြီးတံခွန် မန္တလေး၊ ၁၂ရက် (ဆည်းဆာ)၌ လှည်းတန်းရပ် မြောက်ပြင် မန္တလေး၊ (၎င်းည)၌ အေးချမ်းသာဓမ္မာရုံ ပြည်ကြီးတံခွန် မန္တလေး၊ ၁၃ ရက်ည၌ အမိုက်စုရပ် အမရပူရ၊ ၁၄ရက် (ဆည်းဆာ)၌ သကြားဂူရာပြည့် မန္တလေး၊ (၎င်းည)၌ ၆၉လမ်း ၃၈X၃၉လမ်းကြား မန္တလေး၊ ၁၅ရက် (ဆည်းဆာ)၌ ၅၇လမ်း ၈၈/၃ရပ် ကံသာယာ မန္တလေး၊ (၎င်းည)၌ ထုံးဘိုရွာ ပုသိမ်ကြီး၊ ၁၆ရက်ည၌ ကန်တော်ရွာ မြင်းမူ၊ ၁၇ရက်ည၌ ၂၄ဆူဘုရား မတ္တရာ၊ ၁၈ရက်ည၌ ညောင်အုပ်ရွာ မတ္တရာ၊ ၁၉ရက် (ဆည်းဆာ)၌ ညောင်ကွဲအလယ်ရပ် မြောက်ပြင် မန္တလေး၊ (၎င်းည)၌ လေးစုကန်တော်အမရပူရဓမ္မသဘင်များ၌တရားတော်များဟောကြားမည်။ (က-ပ)

❖ **ရွှေ့ဖုံးမှ**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ငါန်းဇွန်မြို့နယ် ငါန်းမြာကြီးအုပ်စု ခြံစည်းရိုးကြက်ဆူစိုက်ခင်း(၁)ရှိ ခြံစည်းရိုးကြက်ဆူအပင်ပေါင်း ၂၅၀၀ စိုက်ပျိုးထားရှိမှုနှင့် ငါန်းမြာလျှပ်စစ်မြစ်ရေတင်စီမံကိန်းအဆင့်(၂)တွင် ရေတင်အဆင့်(၂)မှ ပင်မမြောင်းအတွင်းသို့ ရေသွင်းနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ငါန်းဇွန်မြို့နယ် ရွာသစ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းသို့ ရောက်ရှိရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား မြစ်ရေတင်ရေသောက်ဧရိယာအားလုံး၌ မိုးစပါးတစ်သီး စိုက်ပျိုးကြပြီး ကျန်ရာသီများတွင် စိတ်ကြိုက်သီးနှံများကို စိုက်ပျိုးသွားကြရေး မှာကြားသည်။

▲ **ကာကွယ်ရေးဝန်ကြီးဌာနမှ**

ရှေးဦးစွာ ကဒပ္ပနစံပြကျေးရွာဖွင့်ပွဲ အခမ်းအနားကို အဆိုပါစံပြကျေးရွာ မင်္ဂလာမုခ်ဦးရှေ့၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖွင့်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စံပြကျေးရွာ ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် စံပြကျေးရွာအင်္ဂါရပ်များနှင့်အညီ စံပြကျေးရွာရှိ မြကြည်သာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၊ မူကြိုကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲတို့ကို တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့သည် မြကြည်သာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းကြပြီး စာကြည့်တိုက်၊ မူကြိုကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် စံပြကျေးရွာဖွင့်ပွဲကို အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ကျင်းပရာ ရှေးဦးစွာ ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက မြို့နယ်အတွင်း မိုးစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ နွေစပါးနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် သုံးခွမြို့နယ် ကဒပ္ပနချောင်း ကဒပ္ပနစံပြကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကဒပ္ပန ရေထိန်းတံခါး တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူးဦးစိုးမြင့်ထွန်းက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကဒပ္ပန ရေထိန်းတံခါးမှာ သံကူကွန်ကရစ် ရေထိန်းတံခါး အမျိုးအစားဖြစ်ပြီး ရေထိန်းတံခါးအရွယ်အစားမှာ ၆ ပေ X ၁၆ ပေ ၂၇ ပေါက်ဖြစ်သည်။ ရေခေါ်မြောင်းမကြီး ပေ ၂၀၀၀၊ ရေထုတ်မြောင်းမကြီး ပေ ၁၀၀၀ ဖြစ်ပြီး ဧက ၁၅၀၀၀ ကို အကျိုးပြုနိုင်ကြောင်း သိရသည်။ အဆိုပါစီမံကိန်းပြီးစီးပါက သန်လျင်မြို့နယ် အရှေ့မြောက်ပိုင်းရှိ လယ်မြေများကို မိုးတွင်းကာလ ရေကြီးနစ်မြုပ်ခြင်းမှကာကွယ်နိုင်ပြီး နွေရာသီတွင် ရေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တာဝန်ရှိသူများနှင့်အတူ ငါန်းဇွန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသဝမ်းစာဖူလုံရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးတို့တွင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်တစ်လုံး လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိကြကာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တောင်သူဦးလှဆွေ၏ ၁ ဒသမ ၂၄ဧကအတွင်း ကုလားပဲနှင့် နေကြာသီးညှပ် စိုက်ပျိုးထားရှိမှု စံပြကွက်ကို ကြည့်ရှုစစ်ဆေးကြရာ ခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဒေါ်သန်းနွဲ့က လိုက်လံရှင်းလင်း တင်ပြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီ၏ လူငယ်ယဉ်ကျေးအလိမ္မာတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီး ဓမ္မသီဂိပျော်ဘွယ်ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်း ဓမ္မသီဂိပျော်ဘွယ်ပဋိပတ္တိသာသနာ့ ရိပ်သာတို့၏ ပဓာနနာယက၊ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီသည် ဇန်နဝါရီ ၂၁ရက်နှင့် ၂၂ရက် မွန်းလွဲ ၂နာရီတွင် ဧရာဝတီတိုင်း အမာမြို့နယ် ကဒုံကနီရွာ အထက၊ အမကကျောင်းများမှ ကျောင်းသား၊ကျောင်းသူ ၁၂၀၀ ကျော်တို့အား လူငယ်ယဉ်ကျေး အလိမ္မာတရားများ ဟောကြားပြီး **(အပေါ်ပုံ)** ဇန်နဝါရီ ၂၀ရက်မှ ၂၂ရက်အထိ ည ၈နာရီတွင် ညတရား ပွဲများ ဟောကြားခဲ့ကြောင်း သတင်းရရှိသည်။ (က-ပ)

ဝန်ကြီး ဦးအောင်သောင်း ထီးစက်ရုံ၊ သားရေစက်ရုံနှင့် ကြွေရည်စိမ်ပစ္စည်းစက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း မြန်မာ့ထီးစက်ရုံ၊ သားရေစက်ရုံနှင့် ကြွေရည်စိမ်ပစ္စည်းစက်ရုံ အမှတ်(၁)တို့သို့ ရောက်ရှိပြီး လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ အမှတ်(၄)ရပ်ကွက် တောင်ပိုင်းကွက်သစ်ရှိ ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးအဖွဲ့ (ဘားအံဌာနခွဲ) ထာဝရတရားစခန်းသို့ တာမွေမြို့နယ် မအူကုန်း(၁၃၉)လမ်းနေ မသူဇာက အလှူငွေကျပ် ခြောက်သိန်းနှင့် သင်္ကန်းကို တရားစခန်း ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တ အရှင်ဝိသံမာဂရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဓမ္မစေတီဆရာတော်၏ အထူးတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ထေရဝါဒ ဓမ္မသဘင်ပွဲကို မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီဝင်းအတွင်း၌ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ဓမ္မစေတီဆရာတော် အရှင်ကောသလ္လ (သာသနတက္ကသိုလ မဟာဓမ္မာစရိယ M.A. Buddhism)က ညစဉ် ၇ နာရီမှ စတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ယခင် အလက(၃)သာကေတ (၈)ရပ်ကွက် စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

(ယခင်)အလက(၃)သာကေတ (၈)ရပ်ကွက်၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ၁၃၆၉ခုနှစ် တပို့တွဲလဆန်း ၄ ရက်၊ ဖေဖော်ဝါရီ ၁၀ ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် သာကေတ ရွှေပုဇွန်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဦးသိန်းဝင်း(ရွှေသပြေကုမ္ပဏီ) ဖုန်း-၀၉၅၁၀၃၈၉၅၊ ဦးအုန်းသွင်(နဝရတ်နည်းပြ) ဖုန်း-၅၄၇၂၇၁၊ ဦးမျိုးဝင်း ဖုန်း-၅၄၇၄၉၉နှင့် ဒေါ်တင်တင်အေး (မြခွာညိုအိမ်ရာ)ဖုန်း-၅၄၇၀၇၂ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

လှိုင်သာယာမြို့နယ် အမှတ်(၅)အခြေခံပညာမူလတန်း လွန်ကျောင်း ၏ ၂၀၀၇-၂၀၀၈ ပညာ သင်နှစ် လှိုင် သာ ယာ မြို့နယ် ဘက်စုံ ထူးချွန်ဆုပြိုင်ပွဲ တွင်စတုတ္ထတန်း၌ သင်္ချာဘာသာရပ် ဒုတိယဆုရသူ မရွှန်းလဲ့ လွင် အား အဏ္ဏဝါလွှမ်းကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးခင်စိုး၏ကိုယ်စား အထွေထွေမန်နေဂျာ ဦးကျော်မြင့် ဆုချီးမြှင့်စဉ်။ (က-ပ)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၀၅) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၀၅)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါ မဂ္ဂဇင်းတွင် မြင်းမူမောင်နိုင်မိုး၊ မောင်နှစ်သိမ့်(တောင်ကုတ်)၊ မောင်တင့်လွင်(ပေါက်)၊ ညီသစ်ဆင်း(ညောင်ဦး)၊ ပုဂံမွေးကြည်၊ ရွှေမြိုင်ပြုံးလဲ့မော်၊ အောင်ထွန်းလင်း(ချောက်)၊ ခမ်းစုဝင်းကြည်(သီပေါ)၊ ဘွင်းဘွင်း၊ သာကီဟိန်း(တကောင်း)၊ ညောင်ရွှေခင်မောင်မြ၊ မင်းနီခိုင်(မောင်တော) တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ လှိုင်မြင့်ဦး၊ မင်းသန်းမင်း(မင်းကင်း)၊ ချစ်နိုင်(စိတ်ပညာ)၊ တက္ကသိုလ်မောင်မောင်လှိုင်၊ ဒေါက်တာလှဖေ၊ စစ်ကိုင်းစိမ်းစိမ်း၊ ဦးစံတင်အောင် (ရွှေဘို)၊ မောင်ဝင်းရည်၊ မြင်းမူဦးအောင်မြင့်သိမ်း၊ ဦးကျော်စိန် (မန္တလေး)၊ နေမျိုးသန့်၊ မောင်ရိုးဂုဏ်၊ စာတည်းအဖွဲ့ဝင်တစ်ဦး၊ တက္ကသိုလ်စိုးယဉ်တို့၏ ဆောင်းပါးများ၊ ဘာမထီခင်အောင်၊ မြမဉ္ဇူဝေ(ကျုံမငေး)၊ မင်းသျှင်အောင် (တွံတေး)၊ မောင်လှိုင်းသစ်(ချစ်စရာမြေ)၊ ထွေးကြည်(သလ္လာဝတီ)၊ ရဲရင့်သီဟ၊ တက္ကသိုလ်မောင်သုလှိုင်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ စာပေအလင်းစာပေသတင်းကဏ္ဍ၊ စာအုပ်စင်ကဏ္ဍ၊ ဗုဒ္ဓစာဥယျာဉ်ကဏ္ဍ၊ ကာတွန်းများအပြင် တိုင်းရင်းသားကဏ္ဍ၊ ပုံပြင်များ၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်များဖြင့် သုတရသ စုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၂) ရန်ကင်းဆရာအတတ်သင်ရှေ့ သစ္စာလမ်း ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀ နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၂၆ရက်က သာကေတမြို့နယ် အမက(၁)တွင် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ကျောင်းအဆင့် ဘက်စုံထူးချွန်ဆုရရှိသူ မအယ်လ်ဂျာဇော်အင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းငွေ ဆုချီးမြှင့်စဉ်။ (ပညာရေး)

✻ ကျောဖုံးမှ

ရေလှောင်ပမာဏမှာ ၁၆၇ ကေပေနှင့် ရေသောက် ဧရိယာ ၇ ကေပေ ဖြစ်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်သာအေးသည် မြိတ်မြို့သစ် တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားပြီး မြိတ်မြို့သစ် တည်ဆောက်ရေးစီမံကိန်း အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့သစ် စီမံကိန်းရှိ ကြိုင်လင်းအောင်ဆိပ်ခံတံတား၌ ပင်လယ်ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလှေများ ဆိုက်ကပ်နေမှု၊ အဏ္ဏဝါစိုးကုမ္ပဏီ၏ နှစ်ထပ်လုံးချင်း အိမ်ရာများ တည်ဆောက်နေမှုနှင့် ဆိပ်ခံတံတား တည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ ဖိုးလမင်းကုမ္ပဏီဆိပ်ခံတံတားနှင့် ဦးကျောက်စိမ်း ဆိပ်ခံတံတားများ၌ တန် ၇၀၀ ဆံ့သင်္ဘောများ ဆိုက်ကပ်ဝင်ရောက်နေမှုနှင့် ကုန်တင်ကုန်ချ ဆောင်ရွက်နေမှု လုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

လှောင်အိမ်စနစ်ဖြင့်မွေးမြူ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ယူနိုက်တက် မြိတ်ကုမ္ပဏီလီမိတက်၏ ကပေါင်း(ခေါ်) ကကတစ်ငါးများမွေးမြူရေး လုပ်ငန်းသို့ ရောက်ရှိကြပြီး ရေပြင်အတွင်းပိုက်ချ၍ လှောင်အိမ်စနစ်ဖြင့် မွေးမြူထားရှိမှု၊ ငါးအသားလွှာနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

တက်ရောက်မှာကြား

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်းအတွင်းရှိ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေဒူး ကျေးရွာအနီးရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆီအုန်း အသုံးချသုတေသနသို့ လည်းကောင်း၊ ရွှေဒူး ကျေးရွာအနီးရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ နည်းပညာတက္ကသိုလ်(မြိတ်)သို့လည်းကောင်း၊ မြိတ်မြို့သစ် လမ်းအမှတ်(၁) လမ်းတစ်လျှောက် လမ်းဖောက်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝေဠုဝန်နိကာယ ဂဏာဓိပတိ တင်မြှောက်ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်း မြန်အောင်မြို့ ဝေဠုဝန် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒအား ဝေဠုဝန်နိကာယဂိုဏ်း ကောဒသမ အကြိမ်မြောက် ဝေဠုဝန်နိကာယ ဂဏာဓိပတိ (ဝေဠုဝန်သာသနာပိုင်)အဖြစ် တင်မြှောက်ပူဇော်ပွဲကို ၁၃၆၉ ခုနှစ် တပို့တွဲလဆန်း ၆ ရက် (ဖေဖော်ဝါရီ ၁၂ ရက်) မွန်းလွဲ ၁ နာရီတွင် အဆိုပါ စာသင်တိုက်ရှိ သာသနာ့ဗိမာန် ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်ရာ ဂိုဏ်းဝင်သံဃာတော်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့ ကြွရောက်ကြည်ညို ပူဇော်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သုံးထပ်ကျောင်းဆောင်သစ် ရေစက်ချမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ကြီး ရပ်ကွက် ကျောင်းလမ်းရှိ ကမ္ဘောဇမင်္ဂလာဝါဆိုကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတေဇနိယ၏ ဦးစီးဩဝါဒကို ခံယူလျက် မြန်မာနိုင်ငံ အနယ်နယ် အရပ်ရပ်မှ ခုနစ်ရက်သားသမီး ကုသိုလ်ရှင် ပါရမီရှင် ဒါယကာ၊ ဒါယိကာမအပေါင်းတို့ စုပေါင်းဆောက်လုပ်လှူဒါန်းသော ကမ္ဘောဇမင်္ဂလာဝါဆိုကျောင်းတွင်းရှိ သဒ္ဓမ္မကာရီ သုံးထပ်ကျောင်းဆောင်သစ်ကြီး ရေစက်ချ အလှူတော်မင်္ဂလာကို ၁၃၆၉ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်၊ ဖေဖော်ဝါရီ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါ ကျောင်းဆောင်သစ်ကြီး၌ ကျင်းပမည်ဖြစ်ရာ အနယ်နယ် အရပ်ရပ်မှ ကုသိုလ်ရှင် ပါရမီရှင်များ ကြွရောက်နိုင်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ (၃၁၄)

ယင်းနောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့နယ် ကလွင်ကျေးရွာရှိ တောင်သာယာ ဆုတောင်းပြည့်စေတီတော်သို့ ရောက်ရှိကြပြီး စေတီတော်အား ပန်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဖူးမြော်ကြည်ညိုကြပြီး ဗိုလ်ချုပ်သာအေးက ဂေါပကအဖွဲ့ထံ အလှူငွေများကို ပေးအပ်သည်။ (သတင်းစဉ်)

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ရေး၊

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ရွှေရတုအကြို ပူဇော်ပွဲနှင့် တရားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ကြီး စီမံအုပ်ချုပ်တော်မူလျက်ရှိသော ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် စာသင်တိုက်တည် ရွှေရတုအကြို (၄၉)နှစ်ပြည့် စာအောင်သံဃာပူဇော်ပွဲကို ဖေဖော်ဝါရီ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ကုသိုလ်ရှင်များအနေဖြင့် ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဝေယျာဝစ္စအဖွဲ့မှ ဖိတ်ကြားထားကြောင်းနှင့် အောင်ပွဲညတရားပွဲအဖြစ် ဖေဖော်ဝါရီ ၄၊ ၅၊ ၆ ရက် သုံးညတိုင်တိုင် ညစဉ် ၇ နာရီတွင် ဓမ္မကထိက ဆရာတော်သုံးပါးတို့က တရားတော်များ ဟောကြားချီးမြှင့်ကြမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

● မြန်မာ-ကိုရီးယားမှ

ကမ္ဘောဇအသင်း — တစ်ဂိုး။
ထွန်းမင်းဦး
အူလ်ဆန်အသင်း — ဂိုးမရှိ။
ဒိုင်လူကြီး — ဦးစိုးမိုးကျော်

ကမ္ဘောဇ ဘောလုံးအသင်းသည် ဘောလုံးပညာ၊ အရပ်အမောင်း သာလွန်သည့် အူလ်ဆန်တက္ကသိုလ်အသင်းကို အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ဖြင့် အထူးကြိုးစား ယှဉ်ပြိုင်ခဲ့သောကြောင့် ထွန်းမင်းဦး၏ တစ်လုံးတည်းသော ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ အူလ်ဆန်အသင်းမှာ စီးပွား/ကူးသန်းကို ဂိုးပြတ်အနိုင်ရခဲ့သော ပွဲထွက်စာရင်းမှ ကိုးဦးအထိ အပြောင်းအလဲလုပ်ခဲ့ပြီး ခြေအသာဖြင့် ဖိကစားနိုင်ခဲ့သော်လည်း ကမ္ဘောဇအသင်း၏ အတက်အဆင်းမှန်မှန်နှင့် ဖျက်ထုတ် ကာကွယ်မှုများ ကောင်း၍ ရှုံးသွားရခြင်းဖြစ်သည်။

အနိုင်ဂိုး

ဖေဖော်ဝါရီ ၅ ရက်တွင် စီးပွား/ကူးသန်းနှင့် အရေးကြီးသည့် အမှတ်ပေးပွဲ ကစားရန်ရှိသော်လည်း ကမ္ဘောဇအသင်းမှာ နေဝင်း၊ ဟန်ဝင်းအောင်၊ အေးဆန်း၊ ကျော်သီဟ၊ ထွန်းမင်းဦးတို့ဖြင့် လူစုံပွဲထုတ်ခဲ့ပြီး အနိုင်ရရှိရေး ဦးတည်ကစားခဲ့သည်။ ကမ္ဘောဇအသင်းမှာ ခံစစ်လုံအောင် ကစားပြီး လျှပ်တစ်ပြက် တန်ပြန်တိုက်စစ်ဖြင့် အဓိကထား ကစားခဲ့သောကြောင့် အူလ်ဆန်၏ ဖိကစားခြင်းကို ခံခဲ့ရသည်။ ပွဲအစ လေးမိနစ်တွင် အူလ်ဆန်မှ နံပါတ်(၇) လီဒေါင်ဂွမ်၏ အပိုင်ကန်သွင်းမှုမှာ တိုင်ထိထွက်ခဲ့ရသလို ခုနစ်မိနစ်တွင် နေဝင်း၏ ထောင့်ကန်ဘောကို အောင်သိုက် ပိတ်ရာ ဘားထိထွက်သွား၍ နှစ်သင်းစလုံး အပိုင်တစ်ဂိုးစီ နစ်နာခဲ့ရသည်။ ထို့နောက်ပိုင်းတွင် အူလ်ဆန်က ဖိကစားလာနိုင်ပြီး နေရာစုံမှ ထိုးဖောက်သော်လည်း ကမ္ဘောဇက အကွက်ကျကျ ပိတ်ဆို့ ကစားနိုင်ခဲ့၍ အူလ်ဆန် ဂိုးသွင်းခွင့်မရဖြစ်နေသည်။ ၄၄ မိနစ်တွင် ကျော်သီဟ ဘောလုံးရပြီး ထွန်းမင်းဦးအား ပေးရာ ထွန်းမင်းဦးက ဂိုးသမားနှင့် ရင်ဆိုင်ကာ အနီးကပ်ကန်သွင်း၍ ကမ္ဘောဇအသင်း တစ်လုံးတည်းသော အနိုင်ဂိုး ရရှိသွားသည်။

ဒုတိယပိုင်းတွင် အူလ်ဆန်က အမာခံ ကစားသမားများဖြစ်သည့် ဟန်ဝုဒ်၊ မြောင်အင်၊ ဟောင်ဆမ်ဟွမ် စသည့် ကစားသမားများကို ထည့်ကစားကာ ချေပဂိုးရရှိရန် ကြိုးစားလာသည်။ သို့သော် ဟန်ဝင်းအောင်၊ အေးဆန်း ဦးဆောင်သည့် နောက်တန်းနှင့် ဂိုးသမား မျိုးလွင်ဦးတို့က အစွမ်းပြဖျက်ထုတ်နိုင်ခဲ့ကြ၍ ကမ္ဘောဇအသင်းက ချေပဂိုး မပေးရဘဲ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂုဏ်ပြုဆုငွေ ချီးမြှင့်

ပွဲအပြီးတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အနိုင်ရရှိသွားသော ကမ္ဘောဇအသင်းအား ဂုဏ်ပြုနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက ကမ္ဘောဇအသင်းအား ဂုဏ်ပြုဆုငွေ ကျပ် ၂၅သိန်း ချီးမြှင့်ခဲ့ပြီး ညပိုင်းတွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

ကမ္ဘောဇအသင်းအုပ်ချုပ်သူ ဦးမိုးဆန်းအောင်က "အူလ်ဆန်အသင်းမှာ မိမိတို့ ထက် အစစအရာရာ သာလွန်ပါကြောင်း၊ ဒါကြောင့် မိမိတို့က အကောင်းဆုံး လူစာရင်းထုတ်ကာ အနိုင်ရရှိရန် ကြိုးစားခဲ့ပါကြောင်း၊ ကစားသမားများ ကြိုးစားမှုအားကောင်းသလို စိတ်ဓာတ်မြင့်မား၍ အနိုင်ရရှိခြင်းဖြစ်ပါကြောင်း၊ ပွဲမတိုင်ခင်က ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက အနိုင်ရရှိလျှင် ကျပ် ၂၅ သိန်းနှင့် ညစာ၊ သရေကျလျှင် ကျပ် ၁၀ သိန်းနှင့် ညစာ ချီးမြှင့်မည်ဟု ကြိုတင်ပြောကြားခဲ့၍ ကစားသမားများ စိတ်ဓာတ်တက်ကာ အနိုင်ရရှိခြင်းဖြစ်ပါကြောင်း၊ မိမိတို့အသင်းမှာ အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းဖြစ်၍ ယခုကစားရသည့် ပြည်ပခြေစမ်းပွဲကို အကျိုးရှိအောင်နှင့် အကောင်းဆုံးဖြစ်အောင် ကစားခဲ့ပါကြောင်း"ဖြင့် ပြောကြားသွားသည်။

နည်းစနစ်အကြံပေး ဦးအေးမောင်ကြီးက "စီးပွား/ကူးသန်းနှင့် ကစားခဲ့သည့် အူလ်ဆန်ကစားပုံကို ကြည့်ပြီး ယခုပွဲ အနိုင်ရအောင် ပြင်ဆင်ခဲ့ပါကြောင်း၊ အူလ်ဆန်အသင်း ကစားပုံကို ကြည့်ပြီး ခံစစ်ကို အဓိကထား ကစားခဲ့ပါကြောင်း၊ အလယ်ကစ ပိတ်ပြီး Counterဖြင့် ကစားခဲ့ကြောင်း၊ အဆင့်မြင့်တန်း အမှတ်ပေးပွဲကစားသလို မဟုတ်ဘဲ ကစားပုံ ပြောင်းကစားခဲ့ကြောင်း၊ အဆင့်မြင့်တန်း အမှတ်ပေးပွဲများ ကစားရန်ရှိသော်လည်း ယခုပွဲကို အကောင်းဆုံးအနေအထားဖြင့် ယှဉ်ပြိုင်ခဲ့ကြောင်း၊ AFC President Cup ပြိုင်ပွဲမတိုင်မီ ယခုလို ခြေစမ်းခွင့်ရသည့်အတွက် မိမိတို့အတွက် များစွာအကျိုးရှိပါကြောင်း" ပြောကြားသွားသည်။

ပိုမိုကောင်းမွန်

အူလ်ဆန်နည်းပြမှူးကင်နမ်က "မိမိတို့အသင်း အရန်ကစားသမားများကို ပွဲထုတ်ကစားခဲ့ရာ တစ်ဖက်အသင်းကို အထင်သေး၍ မဟုတ်ပါကြောင်း၊ ကမ္ဘောဇအသင်း ကစားပုံမှာ ကောင်းပါကြောင်း၊ ကြိုးစားအားထုတ်မှု အပိုင်းမှာလည်း ပထမနေ့က ကစားသွားသော စီးပွား/ကူးသန်း အသင်းထက် ပိုမိုကောင်းမွန်သည်ကို တွေ့ရပါကြောင်"ဖြင့် ပြောကြားသွားသည်။

ကမ္ဘောဇအသင်းတွင် ဂိုး- မျိုးလွင်ဦး၊ နောက်တန်း- အောင်ကျော်ဦး၊ အေးဆန်း၊ ဟန်ဝင်းအောင်၊ ဉာဏလွင်၊ အလယ်တန်း- နေဝင်း (ထွန်းထွန်းနောင်)၊ နေဇော်ထက်၊ အောင်သိုက် (ရဲမောင်မောင်)၊ ရာဇာစိုး (အောင်သန်းဝင်း)၊ ကျော်သီဟ၊ ရှေ့တန်းတွင် ထွန်းမင်းဦးတို့ ပါဝင်ကစားသွားကြသည်။

ချစ်ကြည်ရေးခြေစမ်းပွဲ တတိယပွဲစဉ်ကို ဖေဖော်ဝါရီ ၃ ရက်တွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး အူလ်ဆန်နှင့် ဘဏ္ဍာ/အခွန်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (ကြေးမုံ)

အူလ်ဆန်အသင်းကို အနိုင်ရရှိခဲ့သော ကမ္ဘောဇအသင်းအား ပွဲအပြီးတွေ့ရစဉ်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၂-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ အတီးပြိုင်ပွဲ
- ၈း၀၅ ၆။ တေးဂီတအစီအစဉ်
- ၈း၁၅ ၇။ ဆက်သွယ်ဆင့်ပွား ကျွန်းတောတံတား
- ၈း၂၅ ၈။ အဆိုပြိုင်ပွဲ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Grammar Made Easy.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁း၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြားသတင်းစဉ်
- ၁၂း၄၀ ၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၁၂း၅၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စစ်သူကြီးဆွန်ကြီး" (အပိုင်း-၇)**
- ၁း၄၀ ၇။ တောင်သူအများ စိုက်အားထား ငွေချည်(၆)၏ အပြုံးမျက်နှာများ (မုံရွာနှင့်မြင်းမူ)
- ၁း၅၅ ၈။ **"စည်းလုံးခြင်းရဲ့အရသာ" (ကိုကိုလင်းမောင်၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-အေဝမ်း-မောင်လှမျိုး)**
- ၂း၂၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂း၃၅ ၁၀။ ငါ့သရောက်ရေလှောင်တမံ
- ၂း၄၅ ၁၁။ International News.
- ၃း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ English for Everyday Use.
- ၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
- ၅း၀၀ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၅း၁၅ ၆။ တေးဂီတအစီအစဉ်
- ၅း၂၅ ၇။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၅း၃၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ အလှရှာမယ်၊ လှကမ္ဘာဝယ်
- ၇း၀၀ ၁၂။ တေးဂီတအစီအစဉ်
- ၇း၁၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့အားမာန်" (အပိုင်း-၉)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချိုမြိန်သောအချစ်နေ့" (အပိုင်း-၁၇)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

သဲဖြူနှင့် မဒန်းရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်း တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီတွင် နေပြည်တော်လယ်ဝေးမြို့နယ် ရေပြာရိုးကျေးရွာအနီးရှိ သဲဖြူရေလှောင်တမံသို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ဆည်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဒေါ်လှသိန်း၏ (၈၃)နှစ်မြောက် မွေးနေ့အလှူအဖြစ် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၀) ရပ်ကွက် မေတ္တာလမ်း အမျိုးသမီးနှင့် ကလေးဆေးရုံကြီးဝင်းနေ ဒေါ်လှသိန်းနှင့် သမီး ဒေါ်မူမူညို၊ ဒေါ်သီဂီညိုနှင့် ညီမ ဒေါ်ထားခင်၊ ဒေါ်စိန်စိန် မိသားစုတစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၅၀၀၀၀ ကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီးတိ-နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(စီမံ) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် လယ်ဝေးမြို့နယ် မဒန်းရေလှောင်တမံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သဲဖြူရေလှောင်တမံသည် သဲဖြူချောင်းပေါ်၌တည်ရှိပြီး ၂၀၀၃-၂၀၀၄ ခုနှစ်တွင် စတင်တည်ဆောက်ကာ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စီမံကိန်းပြီးစီးခဲ့သဖြင့် ယခုလက်ရှိ ဆည်ရေသောက်ဧရိယာ ဧက ၁၂၀၀ ကို ရေပေးဝေလျက်ရှိသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မဒန်းရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဟန်သန်းက ရေလှောင်တမံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မဒန်းရေလှောင်တမံ၏ ရေပိုလွှဲနှင့် ရေထိန်းမျှော်စင် တည်ဆောက်နေမှုနှင့် ရေတားတမံမြေဖို့ခြင်းလုပ်များ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

မဒန်းရေလှောင်တမံသည် နေပြည်တော် လယ်ဝေးမြို့နယ်၏ အနောက်တောင်ဘက် ၄၂ မိုင်ခန့်အကွာ နန္ဒင်းကျင်းကျေးရွာအနီး မဒန်းချောင်းပေါ်၌ တည်ရှိပြီး ၂၀၀၃-၂၀၀၄ ခုနှစ်တွင် စတင်တည်ဆောက်ကာ ၂၀၀၉-၂၀၁၀ ပြည့်နှစ်တွင် ပြီးစီးမည်ဖြစ်သည်။ စီမံကိန်းတည်ဆောက်ပြီးစီးပါကရေသောက် လယ်မြေ ဧရိယာဧက ၈၀၀၀နှင့် နယ်မြေခံ လူထုအတွက် လျှပ်စစ်ဓာတ်အား ၂၅ ကီလိုဝပ် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လမ်းတစ်လျှောက်ရှိချောင်းခွ၊ ရွာသစ်၊ ပဒေသာကျေးရွာများ၌ အောင်မြင်ဖြစ်ထွန်းနေသော မြေပဲခင်းများကို ကြည့်ရှုစစ်ဆေးခြင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအတွက် အစားအစာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း၊ ကျေးရွာဘုန်းတော်ကြီးကျောင်းများနှင့် ဘုရားအတွက် နဝကမ္မ အလှူငွေ ကျပ် ၂၀၀၀၀၀ နှင့်သင်္ကန်းများ လှူဒါန်းခြင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာသင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် တောင်ဥက္ကလာပစက်မှုဇုန် သစ္စာဥယျာဉ်အိမ်ရာနေ ဦးသန်းဆွေ-ဒေါ်ခင်ကြည် မိသားစုက ငွေကျပ် ၁၀၅၀၀၀ကို စာရင်းစစ် ဦးစန်မင်းသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် တွေ့ဆုံ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ဌာနေကိုယ်စားလှယ် Mr. Tang Zhengping သည် ဇန်နဝါရီ ၂၈ ရက် ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် FAOတို့ပူးပေါင်း၍ လယ်ယာကဏ္ဍနှင့် စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်မြင့်မားရေးအတွက် နည်းပညာပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၂၆ ရက်က ပုလောမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမွှောရုံ၌ကျင်းပရာ၂၀၀၆-၂၀၀၇ခုနှစ်တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာ ဂုဏ်ထူးဆုရ မောင်ကောင်းမြတ်တိုးအား အသင်းဒုတိယဥက္ကဋ္ဌ ဦးကြီးညွန့် ဆုချီးမြှင့်စဉ်။ (က-ပ)

ကွတ်ခိုင်မြို့နယ်ရေပေးရေးလုပ်ငန်းတိုးချဲ့

ရန်ကုန် ဖေဖော်ဝါရီ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ရေပိုက်လိုင်းများ တိုးချဲ့ဆက်သွယ်ခြင်း အမှတ်(၅)ရပ်ကွက်တွင် စက်ရေတွင်းတူးဖော်၍ ကုန်းမြင့်ရပ်ကွက်များသို့ ရေဖြန့်ဝေခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဇန်နဝါရီ ၂ ရက်က အမှုဆောင်အရာရှိ ဦးညွန့်ဝေ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မောင်း လုပ်ငန်းတိုးတက်မှု အခြေအနေကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

ဖခင် ဒေါက်တာ ဦးအောင်ခင်၊ မိခင် ဒေါ်ခင်ကြည်၊ မောင်အငယ်ဆုံး ဦးမျိုးမြင့်အောင်ခင် (MPPE ချောက်မြို့)နှင့်ဘကြီး ဦးရင်လုံတို့အား ရည်စူး၍ ပုဇွန်တောင်မြို့နယ် ၅၅လမ်းနေ ပါမောက္ခ ဒေါက်တာ မေဝင်းအောင်ခင် (ပါမောက္ခချုပ် ငြိမ်း၊ သူနာပြုတက္ကသိုလ် ရန်ကုန်မြို့)က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာဆေးရုံကြီး ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်လက်ခံယူစဉ်။ (က-ပ)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ FMI CITY Orchid Garden၊ ငွေနှင်းဖြူလမ်း၊ အမှတ်(0-183)နေ
ဦးအောင်စိုး(Golden Dragon "Lucky" Food Industry)–ဒေါ်ခင်ဆွေမြင့်တို့၏
သားလတ်
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒို၊ တိုက်(E)၊ 10th Floor၊ အခန်း(11-07)နေ

မောင်ကျော်လင်းထွန်း B.Sc (I.C)

Golden Strength Food Manufacturing

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ အမှတ်(၁၇၆)နေ
ဦးသက်လွင် (Managing Director, MYA SHWE SIN Trading Co., Ltd နှင့် SHWE THAN LWIN OFF-SHORE VESSEL GROUP)–ဒေါ်ကြည်ကြည်ဝင်းတို့၏
တစ်ဦးတည်းသောသမီး

မရတနာဖြိုး B.Sc (I.C)

Golden Princess Fashion

တို့၏ ၂၂-၁-၂၀၀၈ ရက်တွင် Sedona Hotel (Grand Ballroom) ၌ကျင်းပသော စေ့စပ်မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာစေ့စပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့အားလည်းကောင်း၊ မင်္ဂလာ တောင်းရမ်းစကားပြောကြားပေးပါသော ဗိုလ်မှူးဇော်ဝင်းအောင်(ငြိမ်း)နှင့် ဇနီး ဒေါ်ဦးဦးမြ၊ မင်္ဂလာလက်ခံစကား ပြောကြားပေးပါသော ဦးခင်မောင်အေးနှင့် ဇနီး ဒေါ်ခင်စောမူတို့အားလည်းကောင်း၊ ၂၇-၁-၂၀၀၈ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော မြို့နယ်တရားသူကြီး ဒေါ်ခင်မေယုအား လည်းကောင်း၊ မင်္ဂလာဦးဆွမ်းကျွေးတရားတော်ကို ဟောကြားချီးမြှင့်ပေးပါသော ဓမ္မဒူတ ဆရာတော် အရှင်ဆေကိန္ဒအားလည်းကောင်း၊ ၂၉-၁-၂၀၀၈ ရက်တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)နှင့် ဇနီး ဒေါ်အေးမွန်ရှိန်တို့အား လည်းကောင်း၊ မင်္ဂလာလက်ဖွဲ့လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော Mr. Ong Kheng Huat နှင့် ဇနီး Mrs. Peck York Kin တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးအေးသောင်(ငြိမ်း)အား လည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဇနီး ဒေါ်အေးအေးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရှမ်းမျိုးနွယ်ပိုးစုတောင်းတရုတ်ဘုံကျောင်းမှ လူကြီးမင်းများ၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဧည့်ပရိသတ်များအားလည်းကောင်း၊ မင်္ဂလာ အခမ်းအနားမှူး မလဲ့လဲ့ဝင်း၊ မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးသော Nightingale တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာဝတ်စုံ Forever၊ မိတ်ကပ်ဆံပင် အလှဆင်ပေးသော အောင်အောင်(တောင်ကြီး)၊ မှတ်တမ်းတင် ဗီဒီယို၊ ဓာတ်ပုံ ရိုက်ကူးပေးသော Ah Kai နှင့်အဖွဲ့၊ မင်္ဂလာပန်းအလှပြင်ဆင်ပေးသော မလေးရှားသန်းမြင့်နှင့်အဖွဲ့၊ မင်္ဂလာရှေ့ဆောင်လမ်းပြပေးသော မောင်ဇင်မင်းထွန်း၊ မေတ္တာဖြင့် မင်္ဂလာပန်း ကြဲပေးသော အကယ်ဒမီနန္ဒာလှိုင်၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၂၉-၁-၂၀၀၈ ရက် ညပိုင်းတွင် Western Park (1) Restaurant ၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ထိမ်းမြား မင်္ဂလာအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော နှစ်ဖက်သော ဆွေမျိုး မိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း၊ Western Park (1) Restaurant မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်လင်းထွန်း–မရတနာဖြိုး

TRI STAR General Trading Company Limited

မော်တော်ယာဉ်တာယာအရောင်းပြခန်း ဆိုင်ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁

TRI STAR General Trading Company Limited မော်တော်ယာဉ်တာယာ အရောင်းပြခန်း ဆိုင်ဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် သပြေကုန်းဈေး ဆိုင်အမှတ်(ရ) ၆၈–၆၉ရှိ အဆိုပါဆိုင်ရှေ့၌ကျင်းပရာ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး မန်နေဂျင်းဒါရိုက်တာ ဦးသိန်းနိုင်၊ ဒါရိုက်တာများဖြစ်ကြသော ဦးမျိုးဝင်း၊ ဦးလှနိုင်၊ ဖိတ်ကြားထားသူများနှင့် အတူ ဆိုင်အတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ TRI STAR မော်တော်ယာဉ် တာယာဆိုင်ကို ရန်ကုန်မြို့ ဘုရင့်နောင်ဈေးနှင့် မြေနီကုန်းတို့တွင် ဖွင့်လှစ်ထားပြီး နေပြည်တော်ရှိ ဝန်ကြီးဌာနများ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် လွယ်ကူချောမွေ့စွာ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ယခု နေပြည်တော်ရှိ သပြေကုန်းဈေး၌ ပထမဦးဆုံး စတင်ဖွင့်လှစ်ရောင်းချခြင်းဖြစ်သည်။

အဆိုပါဆိုင်တွင် FALKEN BRAND (Japan)၊ ACHILLES၊ CORSA နှင့် STRADA (Indonesia)၊ SUMO BRAND (China, Thailand)၊ AEOLUS နှင့် HENAN (China) အမျိုးအစား မော်တော်ယာဉ်ငယ်၊ မော်တော်ယာဉ်ကြီးနှင့် ယန္တရားယာဉ်များ၏ တာယာအမျိုးမျိုး၊ (4x4) မော်တော်ယာဉ်သုံး တာယာအမျိုးမျိုး၊ BUTYLE INNER TUBE (Korea) ဆိုက်အမျိုးမျိုးတို့ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးမည့်အပြင် ဝန်ဆောင်မှုအနေဖြင့် တာယာဖြုတ်ခြင်းနှင့် တပ်ခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

အထက်ပါ တာယာအမျိုးမျိုးကို ပင်ရင်းကုမ္ပဏီမှ TRI STAR General Trading Co.,Ltd. က မြန်မာနိုင်ငံ၌ တစ်ဦးတည်း ကိုယ်စားလှယ် ရရှိထားခြင်းဖြစ်ပြီး တာယာအမျိုးမျိုးကို ဝယ်ယူလိုပါက ဆိုင်အမှတ် (ရ) ၆၈–၆၉ သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇–၄၁၄၇၁၈ သို့ ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

TRI STAR General Trading Company Limited မော်တော်ယာဉ်တာယာအရောင်းပြခန်းတွင် ရောင်းချမည့်ပစ္စည်းများကို တွေ့ရစဉ်။

(သတင်းစဉ်)

ဟိုတယ်/ခရီးလိုင်စင်များ သက်တမ်းတိုးရေးကြေညာ

ရန်ကုန် ဖေဖော်ဝါရီ ၁

၂၀၀၇–၂၀၀၈ ဘဏ္ဍာနှစ်အတွင်း လိုင်စင်သက်တမ်း ကုန်ဆုံးမည့် ဟိုတယ်လုပ်ငန်း၊ ခရီးလှည့်လည်ရေးလုပ်ငန်း၊ ခရီးသွားပို့ဆောင်ရေးလုပ်ငန်းနှင့် ဧည့်လမ်းညွှန် လုပ်ကိုင်သူများသည် ဥပဒေ စည်းမျဉ်းများနှင့်အညီ သက်တမ်းကုန်ဆုံးမည့် လုပ်ငန်းလိုင်စင်များကို ၂၀၀၈ခုနှစ် မတ် ၃၀ရက်မတိုင်မီ သက်ဆိုင်ရာရုံးဌာနများသို့ လာရောက် သက်တမ်းတိုးမြှင့်ကြရန် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ ဇန်နဝါရီ ၁၇ရက်တွင် ညွှန်ကြားထားကြောင်း သိရှိရသည်။

ညွှန်ကြားချက် အသေးစိတ်ကို ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှု ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ မြန်မာ့ခရီးသွားလုပ်ငန်း(လေဆိပ်ကောင်တာ)နှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းကျောင်း (ဗိုလ်ဆွန်ပက်လမ်း)တို့တွင် ကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror ပြည်သူ့ထံမှ ပေးစာ

လမ်းပေါ်က အမှိုက်ပုံ ဖယ်ရှားစေလို

စာတည်းခင်ဗျား–

ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၉) ရပ်ကွက်၊ ရန်ကုန်–အင်းစိန်လမ်းမကြီး တိုက်(၁၂၀)ရှေ့လမ်းမပေါ်တွင် အညစ်အကြေးနှင့် အမှိုက်သရိုက်များ စုပုံထားသဖြင့် ပတ်ဝန်းကျင်သန့်ရှင်းမှုမရှိသည့်အပြင် ခရီးသွားများအတွက် အနှောင့်အယှက် ဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှိုက်ပုံအား ရွှေ့ပြောင်းပေးပါရန် တင်ပြအပ်ပါသည်။

အမြင်မတော်သူတစ်ဦး

ကျူးကျော်ဆိုင်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ၈/မြောက်ရပ်ကွက်ရှာလယ်လမ်းသွယ် (၁)နှင့်(၂)တွင် နေထိုင်သူအချို့သည် လမ်းနယ်မြေကိုကျူးကျော်၍ ဆိုင်ခန်းများ ဆောက်လုပ်ငှားရမ်းခြင်း၊ ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းများ ပြုလုပ်နေသည့်အတွက် မော်တော်ယာဉ်များ အဝင်အထွက်အခက်အခဲရှိပါသည်။

သို့ဖြစ်ပါ၍ ကျူးကျော်ဆိုင်ခန်းများအား ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရှင်းလင်းစေလိုသူ

ပြည်သူ့ထံမှပေးစာပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာ တိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း(မဟာဗန္ဓုလ လမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

တရားမဝင်ဆိုင် ရှင်းလင်းစေချင်

စာတည်းရှင့်–

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် ပယင်းလမ်းထိပ်နှင့် ငမောက်လမ်းမကြီးပေါ်တွင် တရားမဝင်ဆိုင်ခန်းများဆောက်လုပ်၍ လူများနေထိုင်လျက်ရှိသည့်အပြင် လောင်စာများ၊ ဂက်စ်အိုးများသိုလှောင်ခြင်း၊ သောက်စားမူးယစ်၍ လမ်းသွားလမ်းလာများအား နှောက်ယှက်ခြင်းများ ပြုလုပ်နေပါသဖြင့် အဆိုပါ တရားမဝင် အဆောက်အအုံကို ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

အထည်ချုပ်လုပ်ငန်း ဆူညံမှု တားဆီးပေးပါ

စာတည်းခင်ဗျား–

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၈၈) ရပ်ကွက် ပုဏ္ဏမီလမ်းမကြီးပေါ်တွင် အလုပ်သမားဦးရေ ၄၀ ကျော်ခန့်ဖြင့် အထည်ချုပ်လုပ်ငန်းတစ်ခု လုပ်ကိုင်လျက် ရှိပါသည်။

အဆိုပါလုပ်ငန်းမှ မီးစက်မောင်းနှင်သံနှင့် စက်လည်ပတ်သံများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်နေကြပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းကို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဆူညံသံမခံနိုင်သူ

စနစ်တကျမွေးမြူရေး ကြပ်မတ်ပေးစေလို

စာတည်းရှင့်–

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း) (၆)ရပ်ကွက်တွင် ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဘဲများကို စီးပွားဖြစ်မွေးမြူသူအချို့သည် တိရစ္ဆာန်များကို စနစ်တကျ ထိန်းကျောင်းခြင်းမရှိသောကြောင့် ပတ်ဝန်းကျင်ရှိ လူနေအိမ်နှင့် ခြံဝင်းများအတွင်းသို့ ဝင်ရောက်ကြသဖြင့် စိုက်ပျိုး ထားသော သစ်ပင်၊ ပန်းပင်၊ စားသုံးသီးနှံပင်များ ပျက်စီးကြရပါသည်။

သို့ဖြစ်ပါ၍ စနစ်တကျမွေးမြူစေရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူများ

မိလ္လာနှင့်ရေဆိုးပိုက်များ ပြုပြင်ပေးပါ

စာတည်းရှင့်–

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၇)ရပ်ကွက် ပုဇွန်တောင်ဥယျာဉ်အိမ်ရာ တိုက်(၅) နောက်ဘက်ရှိ ရေဆိုးပိုက်နှင့် မိလ္လာပိုက်များမှာ ပေါက်ပြဲပျက်စီးနေပါသည်။ ရေမြောင်းများမှာလည်း အမှိုက်များဖြင့် ပိတ်ဆို့နေပါ၍ တိုက်(၅)နောက်ဘက်သို့ မျက်နှာမူနေသော တိုက်(၂)၊ (၃)တို့၏ လမ်းပေါ်တွင် ရေဆိုးများဖြင့် ပြည့်လျှံလျက်ရှိရာ ကျန်းမာရေးထိခိုက်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ရေဆိုးပိုက်များနှင့် ရေမြောင်းများပြင်ဆင်ပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းစေလိုသူ

ကျေးရွာအုတ်ဖုတ်လုပ်ငန်း တားဆီးပေးစေချင်

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း သုံးခွမြို့နယ် စပါယ်ချောင်ကျေးရွာအုပ်စု စပါယ်ချောင်ကျေးရွာရှိ အောင်ဇေယျံစေတီတော်ကြီးအနီးမှ ခြံမြေများကို ဝယ်ယူတူးဆွပြီး အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ခြံမြေများမှာ ကန်များအဖြစ်သို့ ပြောင်းလဲပျက်စီးပြီး ကျေးရွာသဘာဝ အလှအပကိုအကျည်းတန်စေပါသည်။

သို့ဖြစ်ပါ၍ ကျေးရွာဝန်းကျင် အလှမပျက်စီးစေရေးအတွက် အဆိုပါ အုတ်ဖုတ်လုပ်ငန်းအား ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ကျေးရွာသားများ

မိလ္လာကန်ပြည့်လျှံမှု ရှင်းလင်းပြီးစီး

၂၂-၁၂-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဗိုလ်တထောင်မြို့နယ် (၄)ရပ်ကွက်၊ ကမ်းနားလမ်း၊ ၅၃ လမ်း နှင့် ၅၄ လမ်းကြားရှိ တိုက်အမှတ်–၄၄၆/၄၅၈ များမှ **မိလ္လာကန်ပြည့်လျှံ အနံ့ဆိုးနံ** ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပြီးစီး

၂၉-၁၂-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ရခိုင်ပြည်နယ် မောင်တောမြို့၊ အမှတ်(၄)ရပ်ကွက်မှ **ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးစေလို** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်
★ အေးချမ်းမှုကို လိုလားသည်
★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မြိတ်မြို့သစ် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မြိတ်မြို့ ကဘင်း ရေလှောင်တမံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မြိတ်မြို့သစ်ကို ရေပေးဝေရန် ဆောက်လုပ်လျက်ရှိသည့် ကဘင်းရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိပြီး စက်ယန္တရားများဖြင့် ကဘင်းရေလှောင်တမံ၏ မြေသားတမံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျောက်စီနံရံများ တည်ဆောက်နေမှု၊ မိုးရာသီကာလ တောင်ကျရေဝင်ရောက်နိုင်မှုနှင့် ရေစုဆောင်းနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကဘင်းရေလှောင်တမံစီမံကိန်းကို မြိတ်မြို့သစ်အတွက် တည်ဆောက်နေခြင်းဖြစ်ပြီး တမံအလျားပေ ၄၇၀၊ တမံအမြင့် ၄၅ ပေရှိ မြေသားတမံ အမျိုးအစားဖြစ်သည်။ တမံ၏ ကန်ရေပြည့်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး ဘောလုံးယှဉ်ပြိုင်ပွဲ ကမ္ဘောဇအသင်းက အူလ်ဆန်တက္ကသိုလ်အသင်းကို အနိုင်ရ

သတင်းနှင့်ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာ-ကိုရီးယားချစ်ကြည်ရေး အစီအစဉ်အရ မြန်မာလိဂ် အဆင့်မြင့်တန်းမှ ကမ္ဘောဇဘောလုံးအသင်းနှင့် အူလ်ဆန်တက္ကသိုလ် ဘောလုံးအသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေ ၃ နာရီခွဲက လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပရာ ကမ္ဘောဇအသင်းက တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိသွားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ●

အူလ်ဆန်တက္ကသိုလ်အသင်းမှ နံပါတ်(၂၂) ပတ်ဆောင်းဆို၏ ဂိုးသွင်းရန် ကြိုးစားမှုကို ကမ္ဘောဇအသင်းနောက်ခံလူ ဟန်ဝင်းအောင် ဖျက်ထုတ်ကာကွယ်စဉ်။

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC
★ RFA VOA BBC အဖျက်သမားများ သတိထား
★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား